the

# Humanitarian Leader

## ‘အတ္တဗဟိုပြုစနစ်’ ကိုကျော်လွှန်၍ – ဒေသခံများ ဦးဆောင်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ခုခံတွန်းလှန်မှုနှင့်ပတ်သက်သော လေ့လာမှု





CENTRE FOR
HUMANITARIAN
LEADERSHIP



နိုဝင်ဘာလ ၂၀၂၃ ခုနှစ်

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဦးဆောင်မှု

## ‘အတ္တဗဟိုပြုစနစ်’ ကိုကျော်လွှန်၍ – ဒေသခံများ ဦးဆောင်သော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ခုခံတွန်းလှန်မှုနှင့်ပတ်သက်သော လေ့လာမှု

WORKING PAPER 041

နိုဝင်ဘာလ ၂၀၂၃ ခုနှစ်

### စာရေးသူအကြောင်း

**Adelina Kamal**

Adelina သည် အာဆီယံနှင့် ၂၅ နှစ်ကျော် တွဲဘက်အလုပ်လုပ်ခဲ့သည့် အတွေ့အကြုံရှိ အမှီအခိုကင်းသော အကဲဖြတ်တစ်ဦးဖြစ်သည်။ သူမသည် ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုအကူအညီများအတွက် အာဆီယံ၏ ပူးပေါင်းဆောင်ရွက်ရေးစင်တာ (AHA စင်တာ)၏ အမှုဆောင်ဒါရိုက်တာအဖြစ် ဦးစီးဆောင်ရွက်ခဲ့ပြီး ယင်းမတိုင်ခင်ကလည်း ဂျကာတာမြို့ရှိ အာဆီယံရုံးချုပ်တွင် ဆယ်စုနှစ် နှစ်ခုကျော် တာဝန် ထမ်းဆောင်ခဲ့သည်။ Adelina သည် လက်ရှိတွင် မဲလ်ဘုန်းမြို့ အခြေစိုက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဦးဆောင်ရေးအမှုဆောင် ကော်မတီ၏ မဲပေးဆုံးဖြတ်နိုင်သည့် ဘုတ်အဖွဲ့ဝင် တစ်ဦးအဖြစ်လည်းကောင်း၊ လန်ဒန်မြို့အခြေစိုက် နိုင်ငံရပ်ခြား ဖွံ့ဖြိုးတိုးတက်ရေးအင်စတီကျု လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ မူဝါဒအဖွဲ့၏ အကြံပေးအဖွဲ့ဝင် တစ်ဦးအဖြစ်လည်းကောင်း၊ အရှေ့တောင် အာရှအမျိုးသမီးများ ငြိမ်းချမ်းရေးဖျန်ဖြေဆောင်ရွက်သူများအဖွဲ့၏ ဦးဆောင်ကော်မတီအဖွဲ့ဝင်တစ်ဦးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်လျက် ရှိသည်။ AHA စင်တာမှ အနားယူပြီးချိန်ကတည်းက Adelina သည် ကပ်ဘေးဆိုင်ရာစီမံခန့်ခွဲမှု၊ လူသားချင်းစာနာထောက်ထားမှု အကူအညီ၊ ပဋိပက္ခဆိုင်ရာစီမံခန့်ခွဲမှုနှင့် အများပြည်သူဆိုင်ရာ ဘဏ္ဍာရေးကိစ္စစသည့်နယ်ပယ်များတွင် အစိုးရများ၊ နိုင်ငံတကာနှင့် ဒေသတွင်း အဖွဲ့အစည်းများကို အကြံပေးဆွေးနွေးမှုများ ပြုလုပ်နေသည်။

### ကျေးဇူးတင်လွှာ

၂၀၂၃ ခုနှစ် ဧပြီလတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ခေါင်းဆောင်မှုညီလာခံတွင် မိမိအား ဤအကြောင်းအရာနှင့်ပတ်သက်၍ ပြောကြားခွင့်ပေးခဲ့ပြီး ယင်းအကြောင်းကို ဆက်လက်ရေးသားရန် တိုက်တွန်းအားပေးခဲ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာခေါင်းဆောင်မှုစင်တာကို ကျေးဇူး အထူးတင်ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံမှ ခုခံတွန်းလှန်သောလူသားချင်းစာနာထောက်ထားသူများ (Resistance Humanitarians) နှင့် ၎င်းတို့၏ ကြံ့ကြံ့ခံအံတုရေးနှင့် တရားမျှတမှုဆီ ဦးတည်နေသော မဆုတ်မနစ် ခရီးတစ်လျှောက် ၎င်းတို့ကို ထောက်ခံအားပေးနေသူများကို ကျေးဇူးတင်၊ လေးစားကြောင်း ထုတ်ဖော်ပြောကြားလိုပါသည်။ ၎င်းတို့အပေါ် အခြေခံသော ချဉ်းကပ်မှုသည် သမရိုးကျ လူသားချင်း စာနာထောက်ထားမှုလုပ်ဆောင်နေသူများ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမှုများအား လက်တွေ့ကျင့်သုံးမှု အနက်အဓိပ္ပါယ်ကို ပြောင်းလဲဖွင့်ဆိုခဲ့သည်။ ၎င်းတို့၏ အားကောင်းသည့် သွေးစည်းညီညွတ်မှု၊ တီထွင်ဖန်တီးနိုင်မှုနှင့် လိုက်လျောညီထွေတတ်မှုများသည် လျစ်လျူမရှုဘဲ ထည့်သွင်း စဉ်းစား၊ ထောက်ခံအားပေးရမည့် အားသာချက်များဖြစ်သည်။ သတ္တိပြောင်မြောက်သည့် အဆိုပါ လူပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများသည် မိမိအနေဖြင့် ဒေသခံများဦးဆောင်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ခုခံတွန်းလှန်မှု (Humanitarian Resistance) ကို ထုတ်ဖော်၍ စည်းရုံးလှုံ့ဆော်ခြင်းတို့ ဆက်လက်လုပ်ဆောင်စေသည့် အဓိကအကြောင်းရင်းများ ဖြစ်သည်။ ‘ခုခံတွန်းလှန်သော လူသားချင်းစာနာ ထောက်ထားရေးဝါဒ” (Resistance Humanitarianism) ဟူသော ဝေါဟာရကို ဖန်တီးပေးပြီး ယင်းကဲ့သို့သော လူသားချင်းစာနာထောက်ထားရေး ဝါဒမျိုးသည် အားပေးထောက်ခံမှု ရထိုက်သည်ဆိုသောအချက်ကို အစဉ်တစိုက် ရှင်းရှင်းလင်းလင်းဖော်ထုတ်ပေးသော ပါမောက္ခ Hugo Slim ကိုလည်း ကျေးဇူးဥပကာရ တင်ရှိပါသည်။

### အယ်ဒီတာအဖွဲ့ရုံး

The Centre For Humanitarian Leadership
Deakin University
221 Burwood Highway
Burwood 3125 VIC
Australia

**Co-editors-in-Chief (English edition):** Phoebe Downing and Marian Abouzeid
**Editor-in-Chief (French edition):** Justine de Rouck
**Production Editor:** Cara Schultz
**Translation:** Benoit Glayre and Isaline Doucot
**Layout:** Diana De León
**ISSN:** 2653-1011 (Online)

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာခေါင်းဆောင်မှုဆိုင်ရာစင်တာမှ ဤနိုင်ငံအတွင်းရှိ Australian Aboriginal and Torres Strait Islander ပြည်သူများကို ကျေးဇူးတင်ရှိပါသည်။ မိမိတို့ လုပ်ငန်းများ ဆောင်ရွက်နေသည့် ဒေသမှ ရိုးရာအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်သူများအား အသိအမှတ် ပြုပါသည်။ အတိတ်နှင့် ပစ္စုပ္ပန်ရှိ ဘိုးဘေးဘီဘင်များနှင့် သက်ကြီးရွယ်အိုများကို မိမိတို့မှ လေးစားကြောင်း ထုတ်ဖော်ပြောကြားလိုသည်။

### မူပိုင်ခွင့်

ဤစာတမ်းကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာခေါင်းဆောင်မှုစင်တာ (Center for Humanitarian Leadership – CHL) အတွက် ရေးသားပြုစုထားခြင်းဖြစ်သည်။ ဤစာတမ်းတွင် ထုတ်ဖော်ရေးသားထားသည့် အမြင်များသည် စာရေးသူ၏ အာဘော်သာဖြစ်ပြီး CHL ၏ အာဘော်ကို ကိုယ်စား မပြုပါ။ အဆိုပါစာတမ်းများကို ဆွေးနွေးရန်နှင့် မှတ်ချက်ပေးရန်အတွက်သာ ရည်ရွယ်၍ ဖြန့်ဝေခြင်းသာ ဖြစ်ပြီး သုံးသပ်ပြင်ဆင်မှု မပြုလုပ်ရသေးပါ။

© 2023 by Adelina Kamal. All rights reserved.

Cover image: Medical volunteers from ‘Nway Oo Sayy aid’ take care of a Karen refugee in an IDP camp in Kayah State, Myanmar. © SOPA Images Limited/Alamy Live News

# အနှစ်ချုပ်

ဤစာတမ်းသည် မြန်မာနိုင်ငံ၏ အကျပ်အတည်းအပေါ် အထူးအလေးထားသုံးသပ်ထားခြင်းဖြစ်ပြီး စစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုများမှ ပြည်သူများ ခုခံတွန်းလှန်ရာမှထွက်ပေါ်လာခဲ့သည့် လူသားချင်းစာနာထောက်ထား မှုဆိုင်ရာ ခုခံတွန်းလှန်မှု (Humanitarian Resistance) ပုံစံသစ်ကို အလေးအနက်ထားစဉ်းစားရန် စာဖတ်သူများ ကို တိုက်တွန်းထားပါသည်။ မြန်မာနိုင်ငံ၌ ခုခံတွန်းလှန်သောလူသားချင်းစာနာထောက်ထားမှု လုပ်ဆောင်သူများ (Resistance Humanitarians) သည် ၎င်းတို့၏ အလုပ်စီမံလည်ပတ်မှုနှင့် လွှမ်းခြုံနိုင်မှုတို့အရ အများအားဖြင့် အကြီး စား INGO များနှင့် ကုလသမဂ္ဂတို့ လက်လှမ်းမမီနိုင်သည့် အဆိုးရွားဆုံးဘေးဒဏ်သင့်သော ဒေသများအတွင်းပိုင်းထိ ပင် ရောက်ရှိတတ်ကြသည့်အတွက် ပုံမှန်လုပ်ရိုးလုပ်စဉ် အကူအညီပေးရေး ဆောင်ရွက်နေသူများကို အံတုစိန်ခေါ် လျက်ရှိသည်။ ယင်းအချက်က ခုခံတွန်းလှန်သော လူသားချင်းစာနာထောက်ထားမှုလုပ်ဆောင်သူများအတွက် သိသာ ထင်ရှားသော စီမံဆောင်ရွက်မှုဆိုင်ရာ အားသာချက်များ၊ အထူးသဖြင့် ဒေသခံပြည်သူများ၏ လက်ခံမှု၊ လက်လှမ်းမီ မှု၊ မြေပြင်ဖြစ်ရပ်မှန်ကို ထင်ဟပ်သော အချက်အလက်များကို ရရှိစေသည်။

တစ်ချိန်တည်းတွင် နိုင်ငံတကာမှ အကူအညီပံ့ပိုးနေသူအများစုသည် ဘေးဒဏ်ခံစားနေရသည့် လူမှုအသိုက်အဝန်း များဆီသို့ ဖိနှိပ်ညှဥ်းဆဲသူ၊ တရားမဝင် စစ်အုပ်စုထံမှတစ်ဆင့် လက်လှမ်းမီနိုင်ရန် ကြိုးစားနေကြရာ အကျပ်အတည်း ဒဏ် အများဆုံးထိခိုက်ခံရသူများထံ ရောက်ရှိနိုင်ရေး ၎င်းတို့၏ လုပ်ဆောင်နိုင်စွမ်းများမှာ ဖိနှိပ်ကန့်သတ်ခံနေရ သကဲ့သို့ စစ်အုပ်စု၏ အကြမ်းဖက်လိုသည့် ရည်ရွယ်ချက်ကို အထောက်အကူပြုလာနိုင်ဖွယ် ဖြစ်နေသည်။ အကူအညီ များထောက်ပံ့နိုင်ရေးအတွက် နိုင်ငံတကာမှ လုပ်ဆောင်နေသူများ၏ ဤကဲ့သို့ ဒေါင်လိုက်၊ အထက်အောက်စီး ဆင်း၊ 'ကြားနေရေး' ချဉ်းကပ်မှုကြောင့် ပဋိပက္ခမှာ ပိုမိုနက်ရှိုင်းလာသည့်အပြင် ပြည်သူများကိုလည်း မတရားမှု စနစ်တကျအဆုံးသတ်ရေးအတွက် ၎င်းတို့၏ စိတ်ပိုင်းဖြတ်ထားမှုနှင့်ဝေးရာကို တွန်းပို့နေကြောင်း ဤစာတမ်းက သုံးသပ်ထားသည်။ မြန်မာနိုင်ငံ ပဋိပက္ခနှင့်ပတ်သက်၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ချဉ်းကပ်မှုအမြင် ကို အရေးတကြီး ပြန်လည်သုံးသပ်ရန်နှင့် အားလုံးပါဝင်မှု၊ စုံလင်ကွဲပြားမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ဗဟိုပြုထား သည့် ဒေသခံများဦးဆောင်မှုဖြင့် အလျားလိုက် ဖွဲ့စည်းထားသော ဂေဟစနစ်ဆိုသည့် အကူအညီပေးရေးဗိသုကာ ပုံစံသစ်တစ်ခုကိုလည်း ဤစာတမ်းတွင် အကြံပြုထားသည်။ ပြင်ပနိုင်ငံတကာမှ လုပ်ဆောင်သူများ၏ ရည်ရွယ်ချက် မှာ ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ရေးဆိုလျှင် ၎င်းတို့အနေဖြင့် ၎င်းတို့၏ ချဉ်းကပ်မှုအမြင်ကို ပြန်လည်စဉ်းစား ရမည်ဖြစ်ပြီး စစ်တပ်ကို ရှောင်ရှားသည့် ခုခံတွန်းလှန်သော လူသားချင်းစာနာထောက်ထားမှု ဝါဒ (Resistance Humanitarianism) ကို ထောက်ခံအားပေးရမည် ဖြစ်သည်။

## ခေါင်းဆောင်မှုအပိုင်း ကိုက်ညီမှု

ဤစာတမ်းသည်  လုပ်ရိုးလုပ်စဥ်လူသားချင်းစာနာထောက်ထားမှုပုံစံများကို ဖောက်ထွက်တွေးခေါ်ရန်နှင့် မြန်မာနိုင်ငံရှိ ပြည်သူများ၏ ခုခံတွန်းလှန်မှုမှ ထွက်ပေါ်လာသော လူသားချင်းစာနာထောက်ထားမှုဝါဒ ပုံစံသစ်တစ်ခုကို လေ့လာဖော်ထုတ်ရန် စာဖတ်သူများကို တိုက်တွန်းထားသည်။ ဤ ခုခံတွန်းလှန်သော လူသား ချင်းစာနာထောက်ထားမှု လုပ်ဆောင်သူများသည် အကူအညီပေးသူများနှင့် လက်ခံသူများအကြားရှိ အတားအဆီးများကို ဖယ်ရှား၍ လူ့အခွင့်အရေး၊ လူသား ချင်းစာနာထောက်ထားမှုဝါဒ၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးတို့ကို အလွန်တင်းကြပ်စွာ ကဏ္ဍများခွဲထားခြင်းကို ဖြိုချကာ၊ ဓလေ့အသစ်များ၊ အထူးသဖြင့် သွေးစည်းညီညွတ်မှု၊ တီထွင်ဖန်တီးမှုနှင့် လိုက်လျောညီထွေရှိမှုတို့ကို ပြုစုပျိုးထောင်နေကြသည်။ အဆိုပါ ဖြစ်စဉ်က ပုံမှန်လုပ်ရိုးလုပ်စဉ် လူသားချင်းစာနာ ထောက်ထားမှုအရေး လုပ်ဆောင်နေသူများကို ၎င်းတို့ လည်ပတ်လုပ်ဆောင်နေသည့် ဆက်စပ်ဝန်းကျင်၌ ပိုမိုကောင်းမွန်စွာ အံဝင်ခွင်ကျဖြစ်စေရန်၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းပေးနိုင်ရန်နှင့် လူမှုအသိုင်း အဝန်းအတွက် တောင့်ခံနိုင်စွမ်း ပိုမိုအားကောင်းလာစေ ရန် တည်ဆောက်ပေးနိုင်ရေးအတွက် ၎င်းတို့၏ ချဉ်းကပ်မှုအမြင်များကို ပြန်လည်စဉ်းစားရန် တိုက်တွန်းချက် ဖြစ်လာသည်။

*ဤစာတမ်းသည် ဩစတေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ၂၀၂၃ ခုနှစ် ဧပြီလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပခဲ့သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ခေါင်းဆောင်မှုညီလာခံ၊ ခေါင်းဆောင်မှုဗဟိုဌာန၌ တင်ပြခဲ့သော အဓိကတင်ပြဟောပြောမှုကို မွမ်းမံပြင်ဆင်ထားခြင်း ဖြစ်ပါသည်။*

## နိဒါန်း

၂၀၂၃ ခုနှစ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာခေါင်းဆောင်မှုညီလာခံ (2023 Humanitarian Leadership Conference) တွင် တင်ပြပြောကြားရန်အတွက် ၂၀၂၃ ခုနှစ် ဧပြီလ ၁၁ ရက်နေ့ နံနက်ခင်း၌ မိမိ၏ အဓိကဟောပြောချက်မှတ်စုကို ပြင်ဆင်နေချိန်တွင် မြန်မာစစ်တပ်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဇီကြီးကျေးရွာကို လေကြောင်းမှ ရက်ရက်စက်စက် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ အဆိုပါ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုအတွင်း အရပ်သားပြည်သူ ၁၇၀ နီးပါး သေဆုံးခဲ့သည်။ ၎င်းတို့အနက် အယောက် ၄၀ မှာ ကလေးသူငယ်များဖြစ်ပြီး ၁၄ယ်ဆုံးအသက်မှာ ခြောက်လသားအရွယ်လေးဖြစ်သည် (Progressive Voice, 2023)။ ယင်းဖြစ်စဉ်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်း သေကြေပျက်စီးမှုအများဆုံး လေကြောင်းတိုက်ခိုက်မှု ဖြစ်သည်။

ဤကဲ့သို့သော အရေးပေါ်အခြေအနေတစ်ရပ်၌ လက်ရှိအကူအညီပေးရေးစနစ်သည် ကောင်းကောင်း အလုပ်မဖြစ်ကြောင်းကို အတိအလင်း ထောက်ပြသည့်အခါမျိုးတွင် မြန်မာနိုင်ငံ၌ လက်ရှိဖြစ်ပေါ်နေသော အကျပ်အတည်းနှင့်နိုင်ငံတကာ၏တုံ့ပြန်မှုကို ထည့်သွင်းဖော်ပြလေ့ရှိသည်။ မြန်မာနိုင်ငံပဋိပက္ခအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာချဉ်းကပ်မှုကို အရေးတကြီးပြန်လည်သုံးသပ်ရန် လိုအပ်ကြောင်းကို စာတမ်းမှ တိုက်တွန်းထားသကဲ့သို့ အားလုံးပါဝင်မှု၊ စုံလင်ကွဲပြားမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ဗဟိုပြုသည့် ဒေသခံများဦးဆောင်မှုဖြင့် အလျားလိုက်ဖွဲ့စည်းထားသော ဂေဟစနစ်ဟူသော အကူအညီပေးရေး မိသုကာ ပုံစံသစ်တစ်ခုကိုလည်း စာတမ်းတွင် အဆိုပြုထားသည်။

## လူသားချင်းစာနာထောက်ထားမှု ကပ်ဘေးဆိုက်စေခဲ့သော အာဏာသိမ်းလုပ်ရပ်

ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်အသစ်များဖြင့် ပထမအကြိမ်လွှတ်တော်အစည်း အဝေးစတင်ရန် နာရီပိုင်းအလို၌ မြန်မာစစ်တပ်မှ တရားမဝင် အာဏာသိမ်းခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းတွင် တိုင်းပြည်သည် သားသတ်ရုံတစ်ရုံ ဖြစ်သွားခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သို့မဟုတ် နစက (SAC) ဟုခေါ်သော စစ်အုပ်စုသည် အနည်းဆုံး ပြည်သူ ၄,၀၀၀ ကို သတ်ဖြတ်ခဲ့ပြီး အနည်းဆုံး လူ ၁၉,၀၀၀ ကို (AAPP, 2023) ဖမ်းဆီးခဲ့သည့်အပြင် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် အကြမ်းဖက်မှုများကို တစ်နိုင်ငံလုံးတွင် ကျူးလွန်ခဲ့သည်။ စစ်အုပ်စု၏ မီးရှို့ဖျက်ဆီးမှုနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် ကျေးရွာများ ပြာကျပျက်စီးခဲ့ရသည်။

ဤစာတမ်း ရေးသားနေချိန်၌ ပဋိပက္ခကြောင့် အဆုံးစွန်သော အကြမ်းဖက်မှုများနှင့် သေဆုံးမှုများ ကြုံတွေ့နေရမှုတွင် မြန်မာနိုင်ငံသည် ယူကရိန်းနိုင်ငံနောက်မှ ကပ်လျက် ရှိနေသည် (ACLED, 2023)။ ၂၀၂၃ ခုနှစ် လက်ရှိအချိန်အထိ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်၌ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားသေကြေ ပျက်စီးမှုအများဆုံးနိုင်ငံဖြစ်သည်။ အာဏာသိမ်းရန်ကြိုးပမ်းမှုနောက်ပိုင်း ကျူးလွန်သည့် အကြမ်းဖက်မှုများ၏ အတိုင်းအဆ၊ ကြိမ်နှုန်းနှင့် ပြင်းထန်မှုများအရပင် စစ်အုပ်စုသည် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် ရာဇဝတ်ကြောင်းအရ တာဝန်ရှိနေသည် (OHCHR, 2023b)။ နယူး ယောက်တိုင်းမ်သတင်းစာ ပါ 'The Country that Bombs its Own People (ကိုယ့်ပြည်သူကို ပြန်ဗုံးခွဲသောနိုင်ငံ' ဆောင်းပါးတွင် မြန်မာလူထုတစ်ရပ်လုံးအပေါ် စစ်အုပ်စု၏ မြင်မြင်သမျှ မခွဲမခြားအကြမ်းဖက်မှုလုပ်ရပ်ကို ကောင်းစွာဖော်ပြထားသည် (Willis & Cai, 2023)။

ယခုနှစ်အတွင်း ၁၇ ဒသမ ၆ သန်း သို့မဟုတ် နိုင်ငံ့လူဦးရေ၏ သုံးပုံတစ်ပုံနီးပါးသည် လူသားချင်း စာနာထောက်ထားမှုအကူအညီများ လိုအပ်နေကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားသည် (UN Myanmar, 2023)။ အနည်းဆုံး လူ ၁ ဒသမ ၉ သန်းမှာ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသည် (OCHA, 2023c)။ သို့သော်လည်း ဤကိန်းဂဏန်းများသည် လျှော့ပေါ့တွက်ထားသော ကိန်းဂဏန်းများဖြစ်ပြီး ဒေသခံအဖွဲ့များမှ ကောက်ယူထားသော ကိန်းဂဏန်းများအရ နိုင်ငံ၏အချို့နေရာများ၌ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူ ပမာဏသည် ကုလသမဂ္ဂက ထုတ်ပြန်ထားသော ကိန်းဂဏန်းထက် နှစ်ဆကျော် ပိုများသည် (KPSN, 2022; Kantar, 2022; KPSN, 2023)။

ထို့အပြင် ၂၀၁၇ ခုနှစ် လူမျိုးသုဉ်းသတ်ဖြတ်မှုနောက်ပိုင်း ရိုဟင်ဂျာဒုက္ခသည် တစ်သန်းကျော် (UNHCR, 2023b) မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ပြည့်ကျပ်နေသော ဒုက္ခသည်စခန်းများတွင် ယာယီခိုလှုံရန် ကြိုးစားနေကြရပြီး ပင်လယ်ပြင်ကို ဖြတ်ကျော်၍ ဒုက္ခသည်အဖြစ် ခိုလှုံသူအရေအတွက် တိုးပွားလာနေသည်။ (UNHCR, 2023a)။ မလေးရှား၊ အိန္ဒိယ၊ ထိုင်း၊ အင်ဒိုနီးရှားကဲ့သို့သော အိမ်နီးနားချင်းနိုင်ငံများသို့ သိန်းနှင့်ချီ ရောက်ရှိလာကြပြီး ယင်းအရေအတွက်မှာ ပိုမိုမြင့်တက်လျက်ရှိသည်။ ယင်းအခြေအနေတွင် ဘူးလေးရာ ဖရုံဆင့် မုန်တိုင်းအဆင့် ၅ ရှိသည့် မိုခါဆိုင်ကလုန်းသည် ၂၀၂၃ ခုနှစ် မေလတွင် မြန်မာနိုင်ငံအနောက်ဘက် ကမ်းရိုးတန်းသို့ တိုက်ခတ်ပြီး မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ ရခိုင်ပြည်နယ်တစ်ဝှမ်းရှိ မြို့နယ်အများအပြားတွင် ကြီးမားသော ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့ကာ မြန်မာနိုင်ငံ၏ ဆိုးရွားပြင်းထန်သော လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များနှင့် စိန်ခေါ်မှုများ ထပ်မံတိုးပွားလာခဲ့သည် (Hlaing, 2023)။

## ဥပဒေမဲ့ခြင်း၊ တရားဝင်မှုမရှိခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မကိုက်ညီခြင်း

စစ်တပ်မှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အာဏာလုယူပြီး ရွေးကောက်ခံလွှတ်တော်ကို ဆိုင်းငံ့လိုက်ခြင်းသည် ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေများအရ တရားမဝင်ကြောင်း ကျယ်ကျယ်ပြန့်ပြန့် ရှုတ်ချခံခဲ့ရသည်။ အာဏာသိမ်းရန်ကြိုးပမ်းမှုသည် စစ်တပ်ကိုယ်တိုင် ရေးဆွဲခဲ့သော ချို့ယွင်းချက်ရှိသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ဥပဒေလေ့လာ သုံးသပ်သူများမှ ဆိုသည် (ICJ, 2021)။ ထို့အပြင် "ပြည်သူလူထု၏ဆန္ဒသည် အစိုးရအာဏာ၏အခြေခံဖြစ်ရမည်။" ဟု ဖော်ပြထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း ပုဒ်မ ၂၁ ကို ပြတ်ပြတ်သားသား ချိုးဖောက်မှုဟု နိုင်ငံ တကာလွှတ်တော်များသမဂ္ဂက (International Parliamentary Union – IPU) မှလည်း ဝေဖန်ထောက်ပြထားသည် (IPU, 2021)။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်က အာဏာသိမ်းမှု နှစ်နှစ်ပြည့်သောနေ့တွင် ထုတ်ပြန်သည့် ၎င်း၏အစီရင်ခံစာတွင် စစ်တပ်၏ အုပ်ချုပ်ရေးကို "ဥပဒေမဲ့ပြီး တရားဝင်မှုမရှိ" ဟု အတိအလင်း ဖော်ပြထားသည်။ အထူးကိုယ်စားလှယ်က "နိဂုံးကောက်ချက်မှာ ရှင်းလင်းနေပါသည်။ နစက၏ စစ်အာဏာသိမ်းမှုသည် ဥပဒေမဲ့သကဲ့သို့ ၎င်းတို့က မြန်မာနိုင်ငံအစိုးရ ဖြစ်ပါသည်ဆိုသော ပြောစကားမှာလည်း တရားမဝင်ဖြစ်သည်" ဟု ဆိုသည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေ ဖြင့်လည်း နိုင်ငံတကာစံနှုန်းအရ စစ်အုပ်စုကိုပယ်ချပြီး မြန်မာပြည်သူများ၏ဆန္ဒကို ကိုယ်စားပြုသည့် အမျိုးသားညီညွတ်ရေးအစိုးရ သို့မဟုတ် NUG ကို အသိအမှတ်ပြု ထိတွေ့ဆက်ဆံမှုများ လုပ်ဆောင်ရမည်ဟု လူ့အခွင့်အရေး အထူးကိုယ်စားလှယ်မှ တိုက်တွန်းပြောကြားခဲ့သည်။ (OHCHR, 2023b)။

ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားကြားတွင် ကုလသမဂ္ဂ၏ ၂၀၀၅ ခုနှစ် Responsibility to Protect (R2P) (ကာကွယ်ပေးရမည့်တာဝန်) အခြေခံမူ[1]ကို အလွဲသုံးစားလုပ်မည်ကို အကြောက်တရားများဖြင့် ဆိုဆိုရွားရွား ရှုမြင်နေကြချိန်တွင် မြန်မာနိုင်ငံရှိ ပြည်သူများမှ အဆိုပါလုပ်ပိုင်ခွင့်အရ အကာအကွယ်ပေးရန် တောင်းဆိုနေခြင်းကို မိမိတို့ ထင်ရှားစွာ တွေ့မြင်နေရပါသည်။ (Okoth-Obbo, 2023; Gareth, 2021)။

[1] Responsibility To Protect (R2P) မူအရ "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံတော်၏ တာဝန် ဝတ္တရားဖြစ်သော ပြည်သူများကို ကာကွယ်ရန် တာဝန်ဝတ္တရားနှင့်အတူ အပ်နှင်းခံရခြင်းဖြစ်သည်။ အကယ်၍ ထိုသို့လုပ်ဆောင်ရန် နိုင်ငံတော်မှ ဆန္ဒမရှိပါက သို့မဟုတ် မလုပ်နိုင်ပါက၊ နိုင်ငံတကာအသိုင်းအဝိုင်းသည် အဆိုပါ ပြည်သူများကို ကာကွယ်ရန် သံတမန်ရေး၊ လူသားချင်းစာနာထောက်ထားရေးနှင့် အခြားသောနည်းလမ်းများကို အသုံးပြုရမည့် တာဝန်ရှိလာသည်" (UN, 2005)။

## ပြည်သူများက ပယ်ချကန့်ကွက်ခြင်း

မြန်မာပြည်သူပြည်သားများမှ အာဏာသိမ်းမှုကို တစ်လောကလုံးလူသိရှင်ကြားနှင့် တခဲနက် ငြင်းပယ်ခဲ့သည်(SAC–M, 2022)။ ကြီးမားသည့် ငြိမ်းချမ်းစွာဆန္ဒပြပွဲများ၊ အလုပ်ရပ်နားမှုများနှင့် အကြမ်းမဖက် အာဏာဖီဆန်ရေးလူထုလှုပ်ရှားမှုများပါဝင်သည့် အာဏာသိမ်းမှု ဆန့်ကျင်ရေးလှုပ်ရှားမှုများအတွင်း ဆန္ဒပြသူ များနှင့် လူထုလှုပ်ရှားမှုကို ဦးဆောင်သည်ဟု သံသယရှိသူများသည် စစ်တပ်၏ ရက်စက်ကြမ်းကြုတ်သော ဖိနှိပ်မှုများနှင့် ကြုံခဲ့ကြရသည်။ အာဏာသိမ်းပြီးနောက်ပိုင်း လူပေါင်း ၂၄,၈၀၀ ကျော် တရားလက်လွတ် ထင်တိုင်းကြဲ ဖမ်းဆီးခံခဲ့ရပြီး ဖမ်းဆီးခံရသူများအနက် ၁၉,၀၀၀ ကျော်မှာ ချုပ်နှောင်ခံထားရဆဲဖြစ်သည်။ (AAPP, 2023)။

စစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုသည် ယခင်က တစ်ခါမျှမကြုံခဲ့ဖူးသည့် ပြည်လုံးကျွတ် ဒီမိုကရေစီ တောင်းဆိုသော ခုခံတွန်းလှန်ရေးလှုပ်ရှားမှုကို လောင်စာဖြည့်ပေးခဲ့ရာ အဆိုပါလှုပ်ရှားမှုသည် တစ်နေ့ထက်တစ်နေ့ ပိုမိုအားကောင်းလာသည်။ ယင်းအာဏာသိမ်းမှုက ပြည်သူအများစုနှင့် ရိုဟင်ဂျာများ အပါအဝင် တိုင်းရင်းသား လူနည်းစုများမှ စစ်အာဏာရှင်စနစ်ကို စည်းလုံးစွာဆန့်ကျင်ရန် ညီညွတ်စေခဲ့သည်။ နှစ်ပေါင်း ၇၀ ကြာ စစ်အာဏာရှင်၏ဖိနှိပ်မှုကို အဆုံးသတ်ရန် စိတ်ပိုင်းဖြတ်ထားသော ပြည်သူ့လှုပ်ရှားမှုတွင် Gen Z လူငယ်များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး ကြွေးကြော်သံများတွင် “ခင်ဗျားတို့ မျိုးဆက်မှားပြီး လာစမ်းမိပြီ” ဟူသောကြွေးကြော်သံသည် အများဆုံး ရွတ်ဆိုသော ကြွေးကြော်သံများထဲတွင် တစ်ခုအပါအဝင်ဖြစ်ခဲ့သည် (The Irrawaddy, 2021)။

အများက နွေဦးတော်လှန်ရေးဟုသိထားသည့် ဤတော်လှန်ရေးသည် ယခင်စစ်အုပ်စုဆန့်ကျင်ရေး လှုပ်ရှားမှုများ၊ အုံကြွမှုများနှင့် လုံးဝကွဲပြားသည်။ ဒေါင်လိုက်မဟုတ်ဘဲ အလျားလိုက်လှုပ်ရှားမှုဖြစ်သည်။ နိုင်ငံရေးအထင်ကရ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းအပေါ် ပုံအောလုပ်ဆောင်ခြင်းမျိုး မဟုတ်ဘဲ လူငယ်များမှ အစပျိုးခဲ့ပြီး ယခင်စစ်အုပ်စုဆန့်ကျင်ရေးမျိုးဆက်များက ဝန်းရံအားဖြည့်ထားသော ခေါင်းဆောင်မဲ့ လှုပ်ရှားမှုတစ်ခုဖြစ်သည်။ ဤလှုပ်ရှားမှုသည် ဒေါင်လိုက်စီးဆင်းပြီး အထက်အောက် ဖိစီးမှုရှိကာ ဗုဒ္ဓဘာသာဗမာလူမျိုးစုကို အခြေခံသည့် ဖိုဝါဒကြီးစိုးလွှမ်းမိုးသော စစ်တပ်အုပ်ချုပ်သည့် လူ့အဖွဲ့အစည်းကို စိန်ခေါ်အံတုခြင်းဖြစ်သည်။ ယင်းအချင်းအရာများအစား အလျားလိုက်ဆက်ဆံရေးကို ဖော်ဆောင်ပေး၍ Universal တန်ဖိုးများနှင့် လူမှုတရားမျှတမှုတို့ကို အားပေးမြှင့်တင်ကာ လူ့အဖွဲ့အစည်းဝင်များ အားလုံး ပိုမိုပါဝင်မှု ရှိလာစေရန် လုပ်ဆောင်ပေးသည် (Jordt et al, 2021)။

## နည်းနည်းဖြင့် ကြဲကြဲဝိုင်းခြင်း

မြန်မာနိုင်ငံအကျပ်အတည်းသည် ကမ္ဘာပေါ်တွင် လျစ်လျူရှုအခံရဆုံး လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများအနက် တစ်ခုဖြစ်သည်။ မြန်မာနှင့်ယူကရိန်း၌ အကူအညီ လိုအပ်နေသော ပြည်သူအရေအတွက် တူညီနေချိန်တွင် အရင်းအမြစ်များ တန်းတူညီမျှ မဖြစ်နေသည်မှာ ထင်ရှားသည်။ ယူကရိန်းနိုင်ငံအတွက် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ရေး အစီအစဉ်က တွက်ချက်ထားသော ဘတ်ဂျတ်သည် မြန်မာနိုင်ငံထက် ငါးဆပိုများသည်။ ယင်းကို နှိုင်းယှဉ်ကြည့်ပါက ယမန်နှစ်တွင် ယူကရိန်းအတွက် တုံ့ပြန်လုပ်ငန်းများအတွက် ချမှတ်သော ရန်ပုံငွေမှာ ၇၃ ရာခိုင်နှုန်းရှိပြီး မြန်မာနိုင်ငံအတွက်မူ ၂၈ ရာခိုင်နှုန်းသာ ရှိသည် (OCHA, 2022)။

မြန်မာနိုင်ငံအတွက် ပိုမိုဆိုးရွားစေသည့်အချက်မှာ ကုလသမဂ္ဂမှ ယခုနှစ်ထောက်ပံ့မှုအတွက် ပစ်မှတ်ထားသည့် လူပမာဏမှာ သိသိသာသာ ပိုမိုလျော့နည်းလာသည်။ ယခင်နှစ်တွင် အရေးပေါ်အကူအညီ လိုအပ်နေသူ ၆ ဒသမ ၂ သန်းကို ဦးတည်ခဲ့သော်လည်း ယခုနှစ်တွင်မူ ၄ ဒသမ ၅ သန်းအတွက်သာ ကူညီမည် ဖြစ်သည်။ ၂၀၂၃ ခုနှစ် ၈ လတာကာလအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုအစီအစဉ်နှင့် ဆိုင်ကလုန်းမိုခါ အရေးပေါ်အကူအညီတောင်းခံသည့်လုပ်ငန်းစဉ်များ နှစ်ခုပေါင်းအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၈၇ သန်း ရန်ပုံငွေလိုအပ်နေသော်လည်း ယင်းပမာဏ၏ ၂၅ ရာခိုင်နှုန်းကိုသာ ရရှိထားရာ ရန်ပုံငွေရရှိမှု အလွန်နည်းနေသည် (OCHA, 2023c)။

လွတ်လပ်သော သုတေသနအဖွဲ့တစ်ခုဖြစ်သည့် Humanitarian Outcomes မှ မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ၏ လွှမ်းခြုံနိုင်မှု၊ လုပ်ငန်းဆောင်ရွက်ချက် လက်လှမ်းမီမှုနှင့် ထိရောက်မှုတို့ကို လေ့လာဆန်းစစ်ခဲ့သည် (Harvey et al, 2023)။ မြန်မာနိုင်ငံရှိ တရားဝင် အကူအညီပံ့ပေးမှုကဏ္ဍ၏ လုပ်ငန်းစီမံလည်ပတ်မှုအရ တည်ရှိမှုနှင့် လက်လှမ်းမီမှုတို့မှာ အကန့်အသတ်ရှိပြီး တိုးတက်ရန် အသင့်မဖြစ်သေးသည့်အတွက် စီမံကိန်းချမှတ်ခြင်းနှင့် အရင်းအမြစ်အားလုံး ဖြန့်ကျက် ပို့ဆောင်ရေးလုပ်ငန်းတိုင်းကို တရားဝင်အကူအညီပံ့ပိုးရေးနယ်ပယ်ကိုသာ အလေးထားလုပ်ဆောင်ရန် စည်းရုံးနေခြင်းသည် အနည်းငယ်သာ ယုတ္တိရှိသည်ဟု ယင်းဆန်းစစ်လေ့လာချက်က ဖော်ပြသည်။ နယ်စပ်ဖြတ်ကျော်အဖွဲ့အစည်းများမှ အများအပြားပို့ဆောင်ပေးနေသည့် ဒေသနှင့်ကိုက်ညီမှုရှိပြီး အလွတ်သဘောဆန်သော အကူအညီများမှာ ပြည်သူလူထုအရေအတွက်များများထံ သိသိသာသာ ရောက်ရှိပြီး ထပ်ဆင့်တိုးမြှင့်လုပ်ဆောင်နိုင်မည့် အခြေအနေများ ရှိကြောင်းလည်း ဤလေ့လာမှုက ထပ်လောင်းဖော်ပြ ထားသည်။

## စစ်အုပ်စုမှတစ်ဆင့်ပေးပို့လိုသည့် စွဲလမ်းမှု

အကူအညီပေးရေးအဖွဲ့များနှင့် ကုလသမဂ္ဂ အေဂျင်စီများအပါအဝင် နိုင်ငံတကာမှ ကူညီဆောင်ရွက် သူများသည် စစ်အုပ်စု၏ တရားမဝင်မှုကို လူအများက လက်ခံထားပြီးသားဖြစ်ခြင်း၊ စစ်အုပ်စု ဆက်လက် လုပ်ဆောင်နေသော အကြမ်းဖက်မှုနှင့် ရက်စက်ကြမ်းကြုတ်မှုများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိခြင်းနှင့် အကူအညီများပေးရန် ရန်ပုံငွေအကန့်အသတ်ရှိနေခြင်းကို သိရှိထားသည့်တိုင် တိုင်းပြည်အတွင်း ဝင်ရောက်ရန်နှင့် ဘေးဒဏ်သင့်ဒေသများမှ ပြည်သူများထံ အကူအညီများပေးဝေနိုင်ရန်အတွက် ခရီးသွားခွင့် ရရှိရန် စစ်အုပ်စုကိုသာ ဆက်လက်အားကိုးနေသည်။

သို့သော်လည်း  လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကျပ်အတည်း၏ လက်သည်ကျူးလွန်သူ ဖြစ်သည့် စစ်အုပ်စုသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ရပ်များတွင် ပူးပေါင်းပါဝင်ပြီး တိုးချဲ့ဆောင်ရွက်လိမ့်မည်ဟု မျှော်လင့်နေသည်မှာ ထင်ယောင်ထင်မှားဖြစ်ခြင်း၊ သို့မဟုတ် မြန်မာပြည်သူများ၏ တောင်းဆိုချက်များကို မျက်ကွယ်ပြုသည့် ကိုယ်ကျိုးမျှော်ဗျူဟာတစ်ခုသာ ဖြစ်သည်။ (Kamal, Hser Hser & Ohmar, 2022)။

ပထမအချက်အနေဖြင့် အကျပ်အတည်းဒဏ်ကို အပြင်းထန်ဆုံး ခံစားနေကြရသောပြည်သူများသည် စစ်အုပ်စုကို အယုံအကြည် မရှိသကဲ့သို့ လက်လည်း မခံကြပေ။ ထို့အပြင် ယုံကြည်မှုနှင့် လက်ခံမှုသည် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး၏ အခြေခံအုတ်မြစ်ဖြစ်သည်။ ပဋိပက္ခနှင့် စစ်ပွဲတိုင်း ကဲ့သို့ပင် အကူအညီများထက် ယင်းအကူအညီများကို မည်ကဲ့သို့ပေးသည် နှင့် မည်သူကပေးသည်ဆိုသည်မှာ ပိုမို အရေးကြီးသည်။ (Kamal, Hser Hser & Ohmar, 2022)။

ဒုတိယအချက်မှာ ကုလသမဂ္ဂ၏ အစီရင်ခံချက်အရ ၂၀၂၃ ခုနှစ်တွင် စိန်ခေါ်မှုများမရှိဘဲ ကုလသမဂ္ဂ Country Team က ဝင်ရောက်နိုင်သည့် နယ်မြေများမှာ ရန်ကုန်၊ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့၏ တစ်စိတ်တစ်ပိုင်း ဒေသများ သာလျှင်ဖြစ်သည်။ ကုလသမဂ္ဂ၏ ဝင်ခွင့်ကို စစ်အုပ်စုက နှောင့်နှေးစေခြင်း သို့မဟုတ် ခရီးသွားခွင့် ပယ်ချခြင်းတို့ကြောင့် ကုလသမဂ္ဂက အကူအညီများ ဦးစားပေးကူညီရန် ထည့်သွင်းထားသည့် ပြည်သူ ၂ ဒသမ ၃ သန်းခန့်သည် ကုလသမဂ္ဂဝင်ရောက်ရန် ခက်ခဲသော သို့မဟုတ် အလွန်ခက်ခဲသော ဒေသများတွင် နေထိုင်နေသူများဖြစ်သည် (OCHA, 2023a, p.50)။ ယင်းသို့ ဆိုလျှင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ရေးစီမံချက်တွင် ပါရှိသည့် ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူ ၇၆ ရာခိုင်နှုန်းသည် ကုလသမဂ္ဂ ဝင်ရောက်ရန်ခက်ခဲသည့် သို့မဟုတ် အလွန်ခက်ခဲသည့် နယ်မြေများတွင် နေထိုင်နေသူများဖြစ်သည်ဟူသောအချက်ကို ဖော်ပြနေသည် (UN OCHA, 2023a၊ p.50)။

တတိယအချက်အနေဖြင့် ၂၀၂၂ ခုနှစ်အတွင်း လေ့လာချက်များ၏ ဖော်ပြချက်အရ စစ်အုပ်စုသည် အဓိကမြို့ကြီးများကို ကြီးကြပ်နိုင်ချိန်၌ပင် တိုင်းပြည်၏ ၁၇ ရာခိုင်နှုန်းကိုသာ ထိန်းချုပ်နိုင်သည့်အပြင် နောက်ထပ် ၂၃ ရာခိုင်နှုန်း

ကို ထိန်းချုပ်နိုင်ရန် ကြိုးစားရုန်းကန်နေရသည် (SAC-M,2022)။ လေ့လာမှု စတင်ပြီး တစ်နှစ်နီးပါးကြာမြင့်ချိန်တွင် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များ အပါအဝင် တော်လှန်ရေးအင်အားစု များသည် နိုင်ငံ့ပိုင်နက်၏ ၆၀ ရာခိုင်နှုန်းခန့်ကို ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း NUG က ပြောကြားခဲ့သည် (Bloomberg, 2023)။

စတုတ္ထအချက်မှာ စစ်အုပ်စု၏ "ဖြတ်လေးဖြတ်" စစ်ရေးဗျူဟာသည် ၎င်းတို့ အင်အားသုံးအုပ်ချုပ်ရန် ကြိုးပမ်းမှုကို ဆန့်ကျင်တွန်းလှန်သော ပြည်သူများ အစာငတ်မွတ်စေရန် ရည်ရွယ်သည့်အတွက် အဆိုပါနယ်မြေများကို မည်သည့် အခါမျှ ဝင်ခွင့်ပြုမည်မဟုတ်ပေ။ စစ်အုပ်စုသည် နိုင်ငံရေး၊ မဟာဗျူဟာနှင့် စီမံလည်ပတ်မှုအရ အသာစီးရနိုင်မှသာ ပံ့ပိုးကူညီရန် သင့်လျော်သည်ဟု မှတ်ယူသည့် နယ်မြေများ သို့မဟုတ် ပြည်သူများကို အကူအညီများ ဖြန့်ဝေခွင့်ပြုမည် ဖြစ်သည်။

ပဉ္စမအချက်အနေဖြင့် မြန်မာစစ်အုပ်စုသည် မြန်မာနိုင်ငံကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်ရန် အတွက် ဥပဒေကြောင်းအရ လိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိခြင်းပင် ဖြစ်သည်။ မြန်မာစစ်အုပ်စုသည် တရားဝင်မှုရှိသော သို့မဟုတ် ဥပဒေကြောင်းအရ အစိုးရဖြစ်သော (de jure) အစိုးရတစ်ရပ် မဟုတ်သည့်အပြင် ဥပဒေကြောင်းအရမဟုတ်သော်လည်း လက်တွေ့အုပ်ချုပ်စိုးမိုးနိုင်သည့် (de facto) အစိုးရဟုလည်း သတ်မှတ်၍ မရပါ။

ကျရှုံးနေသော အာဏာသိမ်းမှုသည် နှစ်နှစ်ခွဲ ကြာမြင့်လာပြီဖြစ်ပြီး ခုခံတွန်းလှန်မှုအားအကောင်းဆုံး ဒေသများအပေါ် လေကြောင်းမှ မရပ်မနား တိုက်ခိုက်မှုများဖြင့် ကြမ်းတမ်းသည့်စစ်အင်အားကို အသုံးပြုနေ သော်လည်း မြန်မာပြည်သူများသည် စစ်အုပ်စုကို လက်မခံဘဲ ဆက်လက်ခုခံတွန်းလှန်နေဆဲဖြစ်ပြီး စစ်အုပ်စုမှ အစုအဖွဲ့တစ်ခုအတွက် ထိထိရောက်ရောက် ထိန်းချုပ်နိုင်ရေးတွင် လိုအပ်သော အချက်များဖြစ်သည့် အစိုးရတစ်ရပ်ကဲ့သို့ လုပ်ဆောင်နိုင်စွမ်း မပြသနိုင်သေးကာ ရေရှည်ရပ်တည်မှုအဆင့် တစ်ခုလည်း မရှိနေပေ (SAC M, 2022)။ ဤအကဲဖြတ်ချက်ကို အမှီအခိုကင်းသော ယခင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ (SAC-M, 2022) သာမက လက်ရှိ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်မှလည်း ထုတ်ဖော်ပြောဆိုခဲ့သည် (OHCHR, 2023a)။

စစ်အုပ်စုထံမှတစ်ဆင့် လူထုထံလက်လှမ်းမီရောက်ရှိနိုင်ရန် နိုင်ငံတကာမှ လုပ်ကိုင်ဆောင်ရွက် သူများ၏ ကသာင်းကနင်းနိုင်သော ချဉ်းကပ်မှုမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရေးတွင် တိုးတက်မှု အနည်းငယ်သာ ရှိခဲ့ပြီး ၂၀၂၃ ခုနှစ်၏ ပထမနှစ်ဝက်တွင် စစ်ဘေးရှောင် ပြည်သူများ၏ ၂၅ ရာခိုင်နှုန်းထံသာ ရောက်ရှိခဲ့သည် (OCHA, 2023b)။ ဤအချက်အလက်သည်ပင် အကြမ်းဖျင်း လျှော့ပေါ့တွက်ထားခြင်းဖြစ်ပြီး ဒေသတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများ၏ အစီရင်ခံစာများအရ ၎င်းပမာဏထက် လျော့နည်းနိုင်သည်။ (KPSN, 2022; Kantar, 2022; KPSN, 2023)။

## ဒေါင်လိုက်ချဉ်းကပ်မှုသည် လွဲချော်မှုတစ်ခုဖြစ်သည်

မြန်မာနိုင်ငံ၏ အရေးပေါ်အခြေအနေအပေါ် နိုင်ငံတကာအသိုင်းအဝိုင်း၏ တုံ့ပြန်မှုမှာ မှားယွင်းနေ သည်။ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများနှင့် နိုင်ငံတကာ NGO ကြီး အများစုသည် တမူကွဲပြားနေသည့် မြန်မာနိုင်ငံ၏အကျပ်အတည်းကို တုံ့ပြန်ရန် ၎င်းတို့၏ လူသားချင်းစာနာမှုဆိုင်ရာ ချဉ်းကပ်မှုများကို မြန်မြန်ဆန်ဆန် လိုက်လျောညီထွေ ပြောင်းလဲလုပ်ဆောင်နိုင်ခဲ့ခြင်း မရှိပေ။ ၎င်းတို့သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း၏ အဓိကကျူးလွန်သူဖြစ်သည့် စစ်အုပ်စုမှတစ်ဆင့် အကျပ်အတည်းဒဏ်ခံရသော ပြည်သူများထံ ရောက်ရှိရေးကို ဆက်လက်ကြိုးပမ်းနေကြသည်။ ဤနေရာတွင် ပုံမှန်လုပ်ရိုးလုပ်စဉ်၊ အထက်မှ အောက် စီးဆင်းသော၊ 'ကြားနေရေး' ချဉ်းကပ်မှုသည် ထိရောက်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဆိုးဆိုးရွားရွား အဟန့်အတားဖြစ်စေသည်။ ဤနည်းလမ်းသည် ပြည်သူများမှ မတရားမှုကို စနစ်တကျအဆုံးသတ်နိုင်ရေးအတွက် ၎င်းတို့၏ ခိုင်မာသော ပိုင်းဖြတ်မှုနှင့် ပိုမိုဝေးကွာသွားစေသည့်အတွက် ပဋိပက္ခကို ပိုမိုနက်ရှိုင်းလာစေသည်။

လူသားချင်းစာနာထောက်ထားမှု အကူအညီများအား မြန်မာနိုင်ငံတွင်သာမက အခြားနိုင်ငံ များတွင်လည်း နိုင်ငံရေးဩဇာလွှမ်းမိုးမှုအဖြစ် အသုံးပြုမှု ပိုမိုကြီးထွားလာနေသည်။ ပြဿနာအရင်းခံ အကြောင်းတရားများကို မဖြေရှင်းဘဲ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ၊ ပို၍တိကျစွာ ဆိုရလျှင် အကူအညီလိုအပ်နေသူများအတွက် ကယ်ဆယ်ရေး ပစ္စည်းများပေးပို့မှုကို လွယ်ကူအဆင်ပြေသော နိုင်ငံရေးလက်နက် သို့မဟုတ် သွေးစည်းညီညွတ်မှုကို ဖော်ပြသည့်နည်းလမ်းအဖြစ် မကြာခဏ အသုံးပြု နေကြသည်။ လူသားချင်းစာနာထောက်ထားမှု ခေါင်းစဉ်အောက်တွင် အကူအညီများကို အဆိုပါနည်းလမ်းဖြင့် ထောက်ပံ့နေခြင်းသည် အမြန်အလုပ်ဖြစ်မည့်နည်းလမ်းဟု မကြာခဏယူဆလေ့ရှိသည်။ နိုင်ငံရေးနှင့် မသက်ဆိုင်ဟု ထင်ရသော်လည်း အမှန်စင်စစ်တွင် များသောအားဖြင့် ယင်းလုပ်ဆောင်ချက်များစွာမှာ နိုင်ငံရေးအရ အသုံးချမှုများ ဖြစ်နေလေ့ရှိသည်။

အစစ်အမှန် နိုင်ငံရေးလုပ်ဆောင်ချက်နေရာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ များကို အစားထိုးအဖြစ် အသုံးချသည့်အခါနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ဆောင်သူများမှ လည်း ထိုသို့လုပ်ဆောင်ခွင့်ပြုသောအခါ ရရှိမည့်အောင်မြင်မှုမှာ ရိုးရိုးရှင်းရှင်းပြောရလျှင် ဝါဒဖြန့်ချိရေးသာဖြစ်ပြီး လူ့အသက်များကို ကယ်တင်ရေး၊ ဘေးဒုက္ခဒဏ်အများဆုံးခံစားနေရသူများ၏ ဒုက္ခများကိုလျှော့ချ ရေးနှင့် ၎င်းတို့၏ဂုဏ်သိက္ခာနှင့်အညီနေနိုင်စေရန် လုပ်ဆောင်ရေးတို့တွင် အနည်းငယ်သာ သက်ရောက်မှု ရှိမည် ဖြစ်သည်။ အပြင်းထန်ဆုံးသော ဘေးဒဏ်သင့်ဒေသများနှင့် သွားရောက်ရန်အခက်ခဲဆုံး ဒေသများသို့ အကူအညီများ ပံ့ပိုးပေးနိုင်ခြင်း ရှိ၊ မရှိ ဆိုသော အချက်ဖြင့်သာ တိုးတက်မှုကို တိုင်းတာသင့်သည်။

## ပိုမိုကောင်းမွန်သောချဉ်းကပ်မှု

ပါမောက္ခ Hugo Slim က ၎င်း၏ နာမည်ကျော် စာအုပ်ဖြစ်သည့် Solferino 21: Warfare, Civilians and Humanitarians in the Twenty-First Century တွင် "လူသားချင်းစာနာထောက်ထားမှု ဖြစ်ခြင်းသည် တစ်ကမ္ဘာလုံးဆိုင်ရာ ဖြစ်သော်လည်း တစ်ပုံစံတည်းတော့ မဟုတ်ပေ" (Slim, 2022a, p.238) ဟု ရေးသားခဲ့သည်။

လူသားချင်းစာနာထောက်ထားမှုဝါဒ၏ ချဉ်းကပ်ပုံ သို့မဟုတ် စံပုံစံများ အမျိုးမျိုးရှိသည်မှာ အမှန်ပင် ဖြစ်သည်။ အနောက်တိုင်း လူသားချင်းစာနာထောက်ထားမှုဝါဒအများစုသည် ဝါဒစတင်တည်ထောင်သည့် နိုင်ငံဖြစ်သည့် ဆွစ်ဇာလန်၏ နိုင်ငံရေးဘက်မလိုက်မှုတွင် အခြေတည်သည့် ကြက်ခြေနီနှင့် လခြမ်းနီ လှုပ်ရှားမှုမှ လွှမ်းမိုးထားသည့် လူသားဆန်မှု၊ ဘက်မလိုက်မှု၊ ကြားနေမှုနှင့် အမှီအခိုကင်းမှုတို့အပေါ် ကတိကဝတ်ပြုမှုများအား ပေါင်းစပ်ထားသည့် တင်းကျပ်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မူဝါဒအခြေခံ စံနမူနာကို ကိုင်စွဲထားသည် (Slim, 2022a, p.239)။ သို့သော်၊ ကြားနေရေး 'ဆွဇ်စံနမူနာ' သည် စစ်ပွဲတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပုံစံတစ်ခုတည်းအဖြစ် မည်သည့်အခါကမျှ မဟုတ်ခဲ့သကဲ့သို့ ဖြစ်လည်း မဖြစ်သင့်ပေ။ Slim က နှိုးဆွလှုပ်ခတ်မှုဖြစ်စေသည့် ၎င်း၏ "New Humanitarian" ဆောင်းပါးတွင် "သင်သည် လူသားချင်းစာနာထောက်ထားမှုလုပ်ဆောင်သူကောင်း တစ်ဦး ဖြစ်ရန်အတွက် ကြားနေရန် မလိုအပ်ပါ" ဟု ထည့်သွင်းဖော်ပြထားသည် (2020)။

အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံအရေးတက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်ပြီး ရှေ့ပြေးအသံအဖွဲ့၏ ဥက္ကဋ္ဌလည်းဖြစ်သူ ဒေါ်ခင်ဥမ္မာက "မြန်မာစစ်အုပ်စုနှင့် မည်ကဲ့သို့သောထိတွေ့ဆက်ဆံမှုသည် ကြားနေရပ်တည်ခြင်း မဟုတ်ကြောင်း" နှင့် စစ်အုပ်စုနှင့် လက်တွဲလုပ်ဆောင်ရန် ဖွဲ့ရှိရှိနှင့် ထမ်းဆောင်နေခြင်းသည် "လူသားချင်းစာနာထောက်ထားမှုအရ ကြားနေခြင်းကို အလွန်အကျွံ စွဲလမ်းနေသည့် အသိစိတ်သာဖြစ်ကြောင်း" ရေးသားခဲ့သည် (2021)။ ၎င်း၏ ဆောင်းပါး

နှင့်အတူ မြန်မာနိုင်ငံအတွင်း အကူအညီပေးရာတွင် ကြားနေလုပ်ဆောင်နေသည် ပြည်တွင်းမှ ဆောင်ရွက်နေသူ ငါးဦး၏အကြောင်း ဇာတ်လမ်းတစ်ပုဒ်လည်း ထွက်ရှိခဲ့ပြီး အဆိုပါဇာတ်လမ်း၏ အဆုံးတွင် "မတရားမှုက မိမိအား လာမထိသေးသမျှ ကြားနေရန် လွယ်ကူသည်" ဟူသော ကောက်ချက်ဖြင့် အဆုံးသတ်ထားသည် (Fishbein, 2021)။

ကြားနေရေးသည် လုပ်ငန်းစီမံလည်ပတ်မှုဆိုင်ရာ အခြေခံမူတစ်ခုဖြစ်ပြီး လူသားဆန်မှု၊ အဂတိ တရားကင်းမှုတို့နှင့် မတူညီသကဲ့သို့ ကိုယ်ကျင့်တရားစံတန်ဖိုးတစ်ခုလည်း မဟုတ်ပါ (Mardini, 2022)။ ထို့အပြင် ကြားနေအယူအဆသည် လူတိုင်းအတွက် မဟုတ်ပေ (ODI HPG, 2022)။ ပြင်ပမှ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများအတွက် ကောင်းစွာ အလုပ်ဖြစ်နိုင်သော်လည်း ဒေသခံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်သူများ အထူးသဖြင့် နိုင်ငံအတွင်း ဆက်လက် လုပ်ကိုင်နေကြဆဲဖြစ်ပြီး စစ်အုပ်စု၏ ပိတ်ဆို့မှုနှင့် ရက်စက်ကြမ်းကြုတ်မှုများမှ ပုန်းအောင်းနေရသူများအတွက်မှာမူ ၎င်းတို့ကိုယ်တိုင် မြေစာပင်များဖြစ်နေသကဲ့သို့ ရန်လိုမုန်းထားမှုများ၏ ပစ်မှတ်ထား ခံရဖွယ် ရှိနေသည့်အတွက် ပြည်တွင်းမှ လှုပ်ရှားဆောင်ရွက်နေသူများအတွက် ကြားနေအယူအဆက အလုပ်မဖြစ်ပါ။

ထို့ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ကြားနေရေးကို လူတိုင်းကျင့်သုံးရမည့်ဟု သတ်မှတ် မထားသင့်ပေ။ အလှူရှင်များအနေဖြင့် ဘက်တစ်ဘက်၌ ရပ်တည်ပြီး မိမိလူမှုအသိုင်းအဝိုင်းကို အကူအညီများ ပေးဝေနိုင်ရန် စစ်အုပ်စုကို ရှောင်ရှားလုပ်ကိုင်နေကြသည့် ဒေသခံများ၏လှုပ်ရှားဆောင်ရွက်မှုများကို မထောက်ပံ့ခြင်းမှာ ကြားနေရေးမူကြောင့် မဖြစ်သင့်ပါ။

ယူကရိန်းကို ရုရှား၏ကျူးကျော်မှုနှင့် မြန်မာနိုင်ငံရှိ ပြည်သူများ၏ ခုခံတွန်းလှန်မှုတို့သည် ပါမောက္ခ Slim ကို Humanitarian resistance: Its ethical and operational importance (2022) ဟု အမည်ပေးထားသည့် နောက်ဆက်တွဲစာတမ်းကို ရေးသားစေခဲ့သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ခုခံတွန်းလှန်မှုသည် မရှိမဖြစ် လိုအပ်သော၊ ကျင့်ဝတ်နှင့်ညီသော၊ တရားဝင်သော စနစ်တကျဖွဲ့စည်း ထားသည့် လူသားချင်းစာနာထောက်ထားမှုဝါဒ ပုံစံဖြစ်သည့်အပြင် ၎င်းသည် ကြားနေမှု မဟုတ်ဘဲ လူသားချင်းစာနာထောက်ထားခြင်းသာ ဖြစ်သည်ဟု Slim က ငြင်းချက်ထုတ်ထားသည်။ ဖြစ်ရပ်အများ အပြားတွင် ခုခံတွန်းလှန်သော လူသားချင်းစာနာထောက်ထားမှုလုပ်ဆောင်သူများ (Resistance Humanitarians) သည် ကြားနေ နိုင်ငံတကာအကူအညီပေးရေးအေဂျင်စီများ၏ ပုံမှန်လုပ်ရိုးလုပ်စဉ် လူသားချင်းစာနာထောက်ထားသူများထက် ပို၍ လျင်မြန်စွာနှင့် ကောင်းမွန်စွာ ပြည်သူများထံ ရောက်ရှိ နိုင်ကြသည် (Slim, 2022b, p.4)။

ပါမောက္ခ Slim က (2022b, p.7) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာခုခံတွန်းလှန်မှုနှင့် ပတ် သက်၍ အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည် –

> "လူသားချင်းစာနာထောက်ထားမှုဆိုင်ရာခုခံတွန်းလှန်မှုဆိုသည်မှာ မတရားသော စစ်အာဏာရှင် အုပ်ချုပ်မှုစနစ် တစ်ရပ်အောက်တွင် ဒုက္ခခံစားနေရသော ပြည်သူများအား ကယ်ဆယ်ခြင်း၊ သက်သာရာ ရစေခြင်းနှင့် အကာအကွယ်ပေးခြင်း ဖြစ်သည်။ အထူးသဖြင့် အာဏာရှင်စနစ်ကို နိုင်ငံရေးအရ ဆန့်ကျင်သော လူပုဂ္ဂိုလ်၊ လူအုပ်စုများ သို့မဟုတ် ထိုစနစ်ကို ခုခံတွန်းလှန်နေသူများကို အားပေးကူညီ ခြင်းသည် ၎င်းတို့၏ နိုင်ငံရေးကတိကဝတ်နှင့် ပုဂ္ဂလိကဆင်ခြင်တုံတရားကြောင့် ၎င်းလုပ်ငန်းစဉ်ကို စီစဉ်လုပ်ဆောင်ကြခြင်း ဖြစ်သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ခုခံတွန်းလှန်မှုသည် ဘက်တစ်ဘက်ကို ရွေးချယ်ပြီး ရန်သူ၏သဘောဆန္ဒကို ဆန့်ကျင်ကာ မကြာခဏဆိုသလို လျှို့ဝှက်စွာ လုပ်ဆောင်ရပြီး တစ်ကိုယ်ရေး အန္တရာယ်လည်း ကြီးမားသည်။"

## မြန်မာနိုင်ငံအတွင်းမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာခုခံမှု

မိမိသည် ပြီးခဲ့သောနှစ်တွင် ပါမောက္ခ Slim ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ခုခံတွန်းလှန်မှုနှင့် ပတ်သက်သည့် စာတမ်းကို ထုတ်ဝေခဲ့ချိန်တွင် စိတ်ထိခိုက်ရသော်လည်း စိတ်ပိုင်းဆိုင်ရာတစ်စုံတစ်ခု အားတက်ဖွယ်ဖြစ်ခဲ့သော ခရီးစဉ်တစ်ခုဖြစ်သည့် ထိုင်း–မြန်မာနယ်စပ်သို့ ခရီးနှင်ခဲ့ကာ နယ်စပ်အခြေစိုက် ဒေသခံလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများ၊ ကွန်ရက်များ၊ IDP များနှင့် ပဋိပက္ခမှ လွတ်မြောက်လာသူများကို တွေ့ဆုံခဲ့သည်။ ယင်းခရီးစဉ်တွင် အထူး အခွင့်အရေးအနေဖြင့် ဒေသခံတုံ့ပြန်သူများ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ခုခံတွန်းလှန်မှုအား လက်တွေ့ကျင့်သုံးနေပုံကို တိုက်ရိုက်နမူနာအဖြစ် ကိုယ်တိုင်ကိုယ်ကျ သိမြင်ခွင့် ရရှိခဲ့သည်။ နယ်စပ်နှင့် နိုင်ငံအတွင်းပိုင်းရှိ ပြည်သူနှစ်မျိုးစလုံးကို အကူအညီများ ပေးဝေ၊ ထောက်ပံ့ရန် ၎င်းတို့ကွန်ရက်များ၏ ကွန်ရက်များ၊ ဒေသခံများ၏ ဗဟုသုတများနှင့် အတွေ့အကြုံ ကြွယ်ဝမှုတို့ကို အသုံးချ၍ မည်သို့စီမံခန့်ခွဲ နေပုံကို မိမိအနေဖြင့် စူးစမ်းလေ့လာခွင့် ရခဲ့သည်။

အဆိုပါဒေသခံအဖွဲ့အများစုသည် ၎င်းတို့ကိုယ်တိုင် ဒုက္ခသည်များ သို့မဟုတ် စစ်တပ်၏ ရက်စက် ကြမ်းကြုတ်မှုများမှ လပေါင်း၊ နှစ်ပေါင်းများစွာ သို့မဟုတ် ဆယ်စုနှစ်များစွာ တိုင်အောင် ပုန်းအောင်း နေခဲ့ကြရသူများဖြစ်သည်။ ၎င်းတို့သည် စစ်အုပ်စုက ထိန်းချုပ်ထားခြင်းမရှိသော နယ်စပ်တစ်လျှောက်ရှိ နယ်မြေများတွင် လုပ်ကိုင်ဆောင်ရွက်နေကြပြီး ၎င်းတို့၏ အလွတ်သဘော ကွန်ရက်များမှတစ်ဆင့် နိုင်ငံတွင်းအထိ အကူအညီများကို စီမံဆောင်ရွက်၍ ပေးပို့နိုင်ကြသည်။ ၎င်းတို့သည် ကုလသမဂ္ဂ အမှတ်တံဆိပ်များ တပ်ဆင်ထားသော ကုန်တင်ကားကြီးများဖြင့် မလာကြသကဲ့သို့ တရားဝင် ယူနီဖောင်းများလည်း မဝတ်ဆင်ထားပေ။ ၎င်းတို့ မယုံကြည်သူများအား ၎င်းတို့သည် မည်သူမည်ဝါဖြစ်ကြောင်း၊ မည်သည့်နေရာတွင် ရောက်ရှိနေကြောင်းကို ထုတ်ဖော်ပြောလေ့ မရှိကြပေ။ ၎င်းတို့အား မမြင်နိုင်ပါ။ အဆိုပါ ခုခံတွန်းလှန်သော လူသားချင်းစာနာထောက်ထားမှုအရေးလုပ်ဆောင်သူများ၏ ဒေသခံဦးဆောင်မှုဖြင့် စစ်အုပ်စုနှင့် မပတ်သက်မှုမရှိသည့် ချဉ်းကပ်မှုသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းပြီးနောက်ပိုင်း ပြည်တွင်းတွင် သိန်းနှင့်ချီသော အသက်များကို ကယ်တင်ကာ အသက်ဆက်ပေးလာခဲ့သည်။ (KPSN, 2022)။

မြန်မာနိုင်ငံ၏ ခုခံတွန်းလှန်သောလူသားချင်းစာနာထောက်ထားမှုတွင် ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းအတွင်းမှ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို အသက်အန္တရာယ်များ ကြားမှ စွန့်စားပြီး အချိန်နှင့်တပြေးညီ အထောက်အထား စုဆောင်းရယူနေသည့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ ၎င်းတို့၏ အစိုးရဝန်ထမ်းအလုပ် သို့မဟုတ် ပုဂ္ဂလိကလုပ်ငန်းဆောင်တာများကို စွန့်လွှတ်ကာ CDM တွင် ပါဝင်လာခဲ့ကြသည့် ဆရာဝန်များနှင့် သူနာပြုများ၊ ဘာသာ၊ လူမျိုး မကြည့်ဘဲ ၎င်းတို့၏ ရပ်ရွာလူထုကို ရန်ပုံငွေရှာပြီး ကူညီသည့် ဘာသာရေးခေါင်းဆောင်များ၊ မြေပြင်ရှိ ချက်ချင်း လိုအပ်ချက်များကို ဖြည့်ဆည်းရန် ဂျဲန်ဒါဆိုင်ရာအလုပ်များမှ အကူအညီများပို့ဆောင်ရေးအလုပ်များထိ ချဲ့ထွင်ဆောင်ရွက်နေသော အမျိုးသမီးကွန်ရက်များ၊ HIV/AIDS လူနာများအတွက် ဆေးဝါးရယူရန် စစ်ဆေးရေးဂိတ်များနှင့် နယ်စပ်များကို သတ္တိရှိရှိ ဖြတ်ကူးသွားလာနေသော LGBTQI+ အခွင့်အရေး လှုပ်ရှားသူများနှင်၊ စစ်ဘေးရှောင်ကလေးများ၏ မိဘများ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွင် တစ်စိတ်တစ်ပိုင်း အဖြစ် တိုက်ပွဲဝင်နေချိန် ၎င်းတို့၏ ကလေးငယ်များအတွက် အွန်လိုင်းသင်တန်းများ ပံ့ပိုးပေးသည့် ကျောင်းသားမှ လူငယ်တက်ကြွလှုပ်ရှားသူ ဖြစ်လာကြသူများ စသည်တို့ ပါဝင်ကြသည်။

ပဋိပက္ခနှင့် စစ်ပွဲတွင် ဤဒေသခံတုံ့ပြန်ဆောင်ရွက်သူများသည် နောက်ဆုံးရ တိကျသေချာသော မြေပြင်မှ သတင်းအချက်အလက်များကို စဉ်ဆက်မပြတ် ရရှိနိုင်သည့် အားသာချက်ရှိသည်။ အသက်မွေး ဝမ်းကျောင်းနယ်ပယ် အသီးသီးနှင့် မတူညီသောနောက်ခံများမှ ဒေသခံတုံ့ပြန်သူဆောင်ရွက်သူများအကြား ကွန်ရက်များ၏ ကွန်ရက်များ နှင့် ပေါင်းစပ်ညှိနှိုင်းမှုများသည် အဆင့်အလိုက် အချက်အလက်များစွာကို စုစည်းနိုင်ခြင်း၊ မြေပြင်၏ သတင်းအချက်အလက် အမှန်များနှင့် အချက်အလက်များကို အတည်ပြုနိုင်ခြင်းအပြင် အရေးအကြီးဆုံး အနေဖြင့် မြန်ဆန်သော တုံ့ပြန်မှု ရှိသည်။

ဤဒေသခံတုံ့ပြန်ဆောင်ရွက်နေသူများသည် ၎င်းတို့၏ ရပ်ရွာလူထုနှင့် လုပ်ဖော်ကိုင်ဖက် များထံမှ အကူအညီတောင်းခံမှုများကို အလိုလိုသိမြင်ကာ အလျင်အမြန် တုံ့ပြန်ဆောက်ရွက်ကြသည်။ လက်တွေ့ မြေပြင်တွင် လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးတို့ကို သီးသန့်ကဏ္ဍအလိုက် ရှိရမည်ဆိုပြီး အတင်းအကျပ်

ပိုင်းခြားကန့်သတ် လုပ်ဆောင်မှုများ မရှိပါ။ လူတိုင်းသည် ၎င်းတို့၏ လူမှု အသိုင်းအဝိုင်းကို ထောက်ပံ့ရန် တတ်နိုင်သမျှ လုပ်ဆောင်နေကြသည်။

## ယုံကြည်မှုသည် ဒေါက်တိုင်တစ်ခုဖြစ်သည်

မိမိသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက ဂျီနီဗာတွင် ပြုလုပ်သည့် နိုင်ငံတကာ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညီလာခံတစ်ခုသို့ တက်ရောက်ခဲ့ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းစဉ်၏ ဦးတည်လမ်းကြောင်း တို့နှင့်ပတ်သက်၍ ပါဝင်ဆွေးနွေးခဲ့သည်။ အနာဂတ် လူသားချင်းစာနာ ထောက်ထားမှုအရေးတွင် ပါဝင်ဆောင်ရွက်ရန် လွန်စွာအရေးကြီးသော အခြေအနေသုံးခုနှင့် ထိုအခြေအနေ သုံးခုလုံးနှင့် ကိုက်ညီသူများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည့်အကြောင်း ထည့်သွင်း ဆွေးနွေးခဲ့သည်။ အဆိုပါအချက်များမှာ လက်လှမ်းမီမှု၊ အချက်အလက်နှင့် အရင်းအမြစ်များပင် ဖြစ်သည်။

ခုခံတွန်းလှန်သောလူသားချင်းစာနာထောက်ထားမှုလုပ်ဆောင်သူများအကြား စည်းလုံးညီညွတ်မှု ရှိသည့်အချိန်တွင် ထိရောက်မှုရှိသော လူသားချင်းစာနာမှု ဆိုင်ရာဆောင်ရွက်မှုများအတွက် လိုအပ်သော အားသာချက် အများစုလည်း ရှိမည် ဖြစ်သည်။

အခြားသူများတွင် မရှိသည့် အရာနှစ်ခုဖြစ်သော ယုံကြည်မှုနှင့် လက်ခံ အသိအမှတ်ပြုမှုကို ရရှိထားသည့်အတွက် ၎င်းတို့သည် အကျပ်အတည်းဒဏ် အခံရဆုံး ပြည်သူများထံ လက်လှမ်းမီမှု ရှိကြသည်။ အကူအညီလိုအပ်နေသူများ ထံ တိုက်ရိုက်လက်လှမ်းမီမှု ရှိသောကြောင့် မည်သည့်နေရာတွင် မည်သည့် အရာများ လိုအပ်နေသည်ကို သိရှိသည့် တိကျသေချာသော အချက်အလက် များ ရှိနေသည်။ ပူးပေါင်းညှိနှိုင်းမှုဖြင့် လုပ်ကိုင်ဆောင်ရွက်သည့်အချိန်တွင် ထို အချက်အလက်များသည် မြေပြင်ရှိ လိုအပ်ချက် များကို ထိရောက်စွာ ကိုင်တွယ် ဖြေရှင်းရေး၊ စည်းရုံးလှုံ့ဆော်ရေးလုပ်ဆောင်မှုများ၊ အလှူရှင်များအပေါ် သြဇာသက်ရောက်မှုနှင့် မြန်မာနိုင်ငံအတွင်းနှင့် ပြင်ပရှိ လူထုလှုပ်ရှားမှုများမှ အရင်းအမြစ်များကို စုစည်းရာတို့တွင် လွန်စွာအားကောင်းမည် ဖြစ်သည်။

အရင်းအမြစ်များသည် ခုခံတွန်းလှန်သော လူသားချင်းစာနာထောက်ထား မှုအရေး လုပ်ဆောင်နေ သူများ ရှေ့ဆက်လုပ်ဆောင်နိုင်ရန် လိုအပ်သည့် အရာတစ်ခုဖြစ်ပြီး ဤနေရာတွင် စည်းရုံးလှုံ့ဆော်မှုက အရေးကြီးလာသည်။ နိုင်ငံတကာအကူအညီပေးရေးစနစ်သည် ပြိုကျနေသော်လည်း အလုံးစုံပျက်စီး ခြင်းတော့ မဟုတ်ပါ။ အလှူရှင်အစိုးရများသည် ၎င်းတို့၏ ငွေကြေးများကို ပိုမို ကောင်းမွန်ပြီး ပိုမိုထိရောက်မှုရှိသော ဝန်ဆောင်မှုများ ပေးဝေနိုင်သူများထံ တိုက်ရိုက်ပံ့ပိုးရန်လိုအပ်သည်။ ဥပဒေမဲ့၊ တရားဝင်မှုမရှိ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်မညီသည်မှာ သိသာထင်ရှားသည့် စစ်အုပ်စုထံမှတစ်ဆင့် ကူညီထောက်ပံ့ ခြင်းကို အလှူရှင်များအနေဖြင့် ရှောင်ရှားသင့်သည်။

## လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ခုခံတွန်းလှန်မှုကို ထောက်ခံအားပေးခြင်း

ပါမောက္ခ Slim ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာစာတမ်းအပေါ် အခြေခံတည်ဆောက်ပြီး မိမိအနေဖြင့် မြေပြင်တွင် မြင်ခဲ့ရသည်များ၏ နှိုးဆော်မှုဖြင့် ထိုင်းနှင့် အိန္ဒိယနိုင်ငံနယ်စပ်ဒေသ တစ်လျှောက်နှင့် မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာခုခံတွန်းလှန်မှုကို မည်သို့ ကျင့်သုံး လျက်ရှိသည့်အကြောင်း စာတမ်းတစ်စောင်ကို ရေးသားခဲ့သည် (Kamal & Benowitz, 2022)။

စစ်အုပ်စုနှင့် ၎င်း၏မဟာမိတ်များကို အခွင့်ထူးခံပေးနေပြီး လူသားချင်းစာနာ ထောက်ထားမှုအကူ အညီများပို့ဆောင်ရန် အဓိကမိတ်ဖက်အဖြစ် အသုံးပြုနေသော နိုင်ငံတကာ အကူအညီပေးသူအများအပြား၏ ပြဿနာရှိသော ချဉ်းကပ်မှုကို မိမိမှ စိန်ခေါ်ခဲ့သည်။

နယ်စပ်သို့ ပထမအကြိမ်ရောက်ရှိခဲ့ပြီး တစ်နှစ်အကြာတွင် မိမိသည် မြန်မာနိုင်ငံ တွင်းမှ ပဋိပက္ခဖြစ်ပွားနေပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက် ဆိုးဆိုးရွားရွားရှိနေသည့် အခြားဒေသများ လွှမ်းခြုံပါဝင်သော နောက်ထပ်ခရီးစဉ်တစ်ခုကို နောက်ဆက်တွဲလေ့လာမှု၏ တစ်စိတ်တစ်ပိုင်း အဖြစ် (၂၀၂၃ ခုနှစ်ကုန်ပိုင်းတွင် ထုတ်ဝေရန်) ထပ်မံထွက်ရှိခဲ့ပြီး ဆီးရီးယား (Beals, 2023) နှင့် ယူကရိန်း (ODI HPG, 2022) ကဲ့သို့သော ကမ္ဘာ့အခြားနေရာ များရှိ အလားတူဖြစ်ရပ်များနှင့် နှိုင်းယှဉ်ခဲ့သည်။ အဆိုပါ အကျပ်အတည်းများ အရှိန်အဟုန် မြင့်တက်လာချိန်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ခုခံတွန်း လှန်မှုက ပိုမိုအားကောင်းလာနေသည်ကို မိမိအနေဖြင့် မထူးဆန်းစွာ ပင် တွေ့ရှိခဲ့သည်။ လေ့လာခဲ့သော နိုင်ငံများနှင့် အခြားသော ဇရိယာများတွင် သွေးစည်းညီညွတ်မှု၊ တီထွင်ဖန်တီးမှုနှင့် လိုက်လျောညီထွေရှိမှုတို့၏ အခြေခံ လုပ်ဆောင်မှုသဘောတရားများ အလိုအလျောက်ရှိနေသည် တွေ့ရှိခဲ့ရသည်။

သို့သော် အဆိုပါဖြစ်ရပ်များအားလုံးတွင် တူညီသော ဖြစ်ရိုးဖြစ်စဉ်တစ်ခုမှာ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ခုခံတွန်းလှန်မှုသည် လုံလုံလောက် လောက် ပံ့ပိုးမှုမရရှိဘဲ မကြာခဏဆိုသလိုပင် စိန်ခေါ်မှုများ၊ ပုံဖျက်တိုက်ခိုက် မှုများကို ကြုံတွေ့နေရသည်ကို လေ့လာတွေ့ရှိရသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ခုခံတွန်းလှန်မှု၏ အလွတ်သဘော ဆောင်သော အကူအညီများနှင့် စည်းရုံးလှုံ့ဆော်မှုများသည် အရေးကြီးသော အခန်းကဏ္ဍတွင် ရှိနေသည်ကို အမျိုးမျိုးသော လေ့လာမှုများမှ ဖော်ထုတ်ပြီး ဖြစ်သော်လည်း အဆိုပါလှုပ်ရှားဆောင်ရွက်သူများကို ပံ့ပိုးမှုမှာ အနည်းငယ် သာ တိုးတက်ခဲ့သည်။ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအသိုင်းအဝိုင်းထံမှ တုံ့ပြန်ဆောင်ရွက်မှုများသည် သံသယ ဖြစ်ဖွယ်များသည့်အဆင့်မှ စိတ်မဝင်စားသည့်အထိ အမျိုးမျိုး ရှိကြသည်။ မိမိ တွေ့ဆုံမေးမြန်းခဲ့သည့် NUG အစိုးရအဖွဲ့ဝင်တစ်ဦးက ဒေသတွင်း ခုခံတွန်းလှန် သော လူသားချင်းစာနာထောက်ထားမှု လုပ်ဆောင်သူများအပေါ် ကူညီပံ့ပိုးမှုနှင့် ပတ်သက်၍ “(နိုင်ငံရေး) သဘောဆန္ဒက နည်းပါးပြီး စိုးရိမ်မကင်းဖြစ်တာက ပို များပါတယ်” ဟု ပြောကြားခဲ့သည် (Anonymous interview, September 2023)။

မြန်မာနိုင်ငံအရေးတွင် လုပ်ငန်းစီမံလည်ပတ်မှုအရ လွှမ်းခြုံနိုင်မှု ပို၍နက်ရှိုင်းစွာ ဝင်ရောက်နိုင်မှုနှင့် ပို၍ ကျယ်ပြန့်မှုရှိပြီး ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုရရှိ ထားသည့် ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်သော လူသားချင်းစာနာထောက်ထား မှုဆိုင်ရာ လုပ်ဆောင်နေသူများ ရှိသည်ဆိုသောအချက်ကို သက်သေထူ နိုင်သော အထောက်အထားများမှာ လိုအပ်သည်ထက်ပင် ပို၍ များပြားစွာရှိသည်။ လူသား ချင်း စာနာထောက်ထားမှုဆိုင်ရာခုခံတွန်းလှန်မှုသည် နည်းပညာပိုင်းအရ ဖြစ် နိုင်ချေရှိပြီး ကျင့်ဝတ်အရ မရှိမဖြစ် လိုအပ်သော်လည်း ယင်းကို ကူညီပံ့ပိုးပေး ရန် တောင်းဆိုနေမှုများမှာ မည်သည့်အကြောင်းကြောင့် မကြားချင်ဟန်ဆောင် အပြုခံနေရသည်ကို မသိပါ။

ဤလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ခုခံတွန်းလှန်မှုအပေါ် အားပေး ထောက်ခံမှု နည်းနေရသည့် အဓိကအကြောင်းရင်းမှာ တရားဝင်လမ်းကြောင်း၊ ဒေါင်လိုက်အထက်အောက် ဖွဲ့စည်းတည်ဆောက်မှု၊ လုပ်ပိုင်ခွင့်အာဏာနှင့် စနစ် များရှိသည့် အစိုးရများနှင့် နိုင်ငံဖဟိုပြုအဖွဲ့အစည်းများအပေါ်တွင် လွန်စွာမှီခို လွန်းနေသည့် စနစ်ကို အစားထိုးနိုင်မည့် အခြားစနစ်တစ်ခုကို လုံလုံလောက် လောက် မစည်းရုံးနိုင်ခြင်းပင် ဖြစ်သည်။ ယင်းမှာ ဒေသတွင်းလုပ်ဆောင် သူများ၏ ထိရောက်မှု နည်းပါးခြင်းကြောင့် မဟုတ်ပါ။ လူအများစု သိထား ပြီး လုပ်ကိုင်ရ သက်သောင့်သက်သာအဖြစ်ဆုံးသော စနစ်တစ်ခုအပေါ်မှာသာ ဆင်ခြင်သုံးသပ်မှုမရှိဘဲ တဝဲလည်လည် ဖြစ်နေခြင်းကြောင့် ဖြစ်သည်။ မိမိ တို့သည် “လူသားချင်းစာနာထောက်ထားမှုအရေး လုပ်ဆောင်သူ အကြီးစားကြီး များ” ဟု ခေါ်သော အရွယ်အစားပို၍ ကြီးမားပြီး စနစ်တကျဖြစ်သော စနစ်နှင့် သာ ရင်းနှီးကျွမ်းဝင်နေကြပြီး အဆိုပါအဖွဲ့ကြီးများမှာ ထိုးဖောက်ရန် မစွမ်းသာ သော ‘Ivy League’ ကြီးများဖြစ်လာခဲ့သည်။

စနစ်တစ်ခုပြောင်းလဲခြင်းသည် အတွင်းမှဦးစီးလုပ်ဆောင်ရန်ခဲယဉ်းသော လုပ်ငန်းစဉ်တစ်ခုဟု မိမိအနေဖြင့် ယုံကြည်ထားသည်။ ရှိရင်းစွဲ ပိုနေမြဲ ကျားနေမြဲအခြေအနေကို အများအားဖြင့် စနစ်ပြင်ပမှ အင်အားစုများကသာ စိန်ခေါ်အံတုလေ့ ရှိသည်။ လက်တွေ့ကျကျသုံးသပ်ရလျှင် လွှမ်းမိုးကြီးစိုး မှုရှိသော လူသားချင်း စာနာထောက်ထားမှုစနစ်၏ လက်ရှိအခြေအနေကို အပြောင်းအလဲလုပ်ရန် အဆိုပါစနစ်အတွင်း မက်လုံး သို့မဟုတ် အကျိုးခံစားခွင့် မရှိသည့်အတွက် ဤအပြောင်းအလဲကို လုပ်ဆောင်ရန် လူတိုင်းအတွက်

သက်သောင့်သက်သာဖြစ်မည် မဟုတ်ပေ။ စနစ်အတွင်းမှလူများသည် ၎င်းတို့ကိုယ်တိုင် သက်ဆိုင်မှုမရှိဘဲ ဖြစ်သွားမည်ကို မလိုလားကြသည်မှာ သိသာထင်ရှားသည်။

ယင်းမှာ ကြောက်ရွံ့မှုကြောင့်လည်း ဖြစ်သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ခုခံတွန်းလှန်မှု ကဲ့သို့သော ပုံမှန်လုပ်ရိုးလုပ်စဉ်နှင့် သွေဖီသည့် ချဉ်းကပ်မှုကို ဆုလာဘ်အဖြစ်မရှုမြင်ကြဘဲ ခြိမ်းခြောက်မှုတစ်ခု အဖြစ် ရှုမြင်ကြသည်။ ၎င်းချဉ်းကပ်မှုသည် လူ့အသက်များကို ကယ်ဆယ်နိုင်သည်ဆိုသောအချက်မှလွဲ၍ ဤအသွားအလာနည်းပါးသောလမ်းကို လျှောက်ရန် မက်လုံးအနည်းငယ်သာရှိသည်။

## အတ္တစနစ်မှ ဂေဟစနစ်ဆီသို့

လွှမ်းမိုးမှုကြီးမားသော လူသားချင်းစာနာထောက်ထားမှုစနစ်သည် အလွန်ဗျူရိုကရေစီဆန်ပြီး အဆင့်မြင့်ရာထူး ရထားသူများကသာ ၎င်းတို့ အကောင်အထည်ဖော်ရန် ဖန်တီးထားသည့် ရှုပ်ထွေးသော စံနှုန်းများ ပါဝင်သည်။

မိမိ၏ ကိုယ်ပိုင်အတွေ့အကြုံအပေါ် အခြေခံပြီးသုံးသပ်ရလျှင် ထိုကဲ့သို့ 'အထက်စီး' စနစ်မှ လာသော လူအများစုသည် ၎င်းတို့ကိုယ်ကို အလွန်အထင်ကြီးသည့်စိတ်နှင့် လာလေ့ရှိသည်။ ၎င်းတို့နိုင်ငံမှ အခြားနိုင်ငံတစ်ခုခုသို့ ရွှေ့ပြောင်းနေထိုင်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သူရဲကောင်းအများအပြားသည် အဆိုပါနိုင်ငံသို့ ၎င်းတို့နှင့်အတူ "တုံ့ပြန်ဆောင်ရွက်ရေးအကူအညီများ (response cavalry)" ကို အတွဲလိုက်ဆွဲလာပြီး ယင်းနိုင်ငံတွင် မရှိနေလောက်ဟု ၎င်းတို့ ယူဆထားသည့် ငွေကြေး၊ အဆင့်မြင့်နည်းပညာများနှင့် ကျွမ်းကျင်မှုများကို ဝေငှပေးကမ်းလေ့ရှိကြပြီး အကယ်၍ ရှိထားပြီးသားဖြစ်လျှင်ပင် ဒေသခံများ၏ ပြောကြားချက်များကို နားထောင်သူမှာ အနည်းငယ်သာရှိသည်။

ထို့ကြောင့် မိမိအနေဖြင့် Grand Bargain (အကူအညီလိုအပ်နေသူများထံ အကူအညီများ ရောက်ရှိရေးအတွက် နောက်ထပ်နည်းလမ်းများသုံးရန် အလှူရှင်များနှင့် အကူအညီပေးရေး အဖွဲ့အစည်း များကြား ချမှတ်ထားသည့် သဘောတူညီမှု) (Saez et al, 2021; DA Global, 2021; Metcalfe–Hough et al, 2023) နှင့် မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှု နိုင်ငံအဆင့်စနစ်ကို "ဒေသစံနှုန်းနှင့်အညီ ဆောင်ရွက်ရန်" သို့မဟုတ် "ဗဟိုချုပ်ကိုင်မှုလျှော့ချရန်" ကြိုးစားနေသည့် OCHA ၏ ကနဦးလုပ်ဆောင်ချက် အကောင်အထည်ဖော်နေမှုအပေါ် မိမိအနေဖြင့် မျှော်လင့်ချက် အနည်းငယ်သာ ရှိသည်။ အဆိုပါ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးကြိုးပမ်းချက် ကနဦးလုပ်ဆောင်ချက်မှုသည် စနစ်အတွင်းရှိသူများက ကမကထပြု ဦးဆောင်နေသ၍ သက်ရောက်မှုအနည်းငယ်သာ ရှိမည်ဖြစ်သည်။

မိမိအနေဖြင့် Grand Bargain နှင့် အလားတူလုပ်ဆောင်ချက်များမှ ပြုလုပ်ပြီးသည့်အရာများကို အချည်းနှီးဟု ပြောနေခြင်းမဟုတ်ပါ။ Grand Bargain သည် အရေးကြီးသော နိုင်ငံတကာ ကတိကဝတ်ပြုမှု တစ်ရပ်ဖြစ်ပြီး လက်မှတ်ထိုးထားသူများအနေဖြင့် လိုက်နာလုပ်ဆောင်သင့်သည်။

ထို့အတူ မိမိသည် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု၏ အရေးကြီးသော အခန်းကဏ္ဍကို ဘေးဖယ်ထုတ်ထားရန်လည်း အကြံပြုနေခြင်း မဟုတ်ပါ။ ၎င်းစနစ်တွင် အားသာချက်များရှိသည်မှာ သေချာပါသည်။ အနည်းဆုံး အားသာချက် သုံးခု ရှိသည်။ ၎င်းအချက်များမှာ အကြီးစားရန်ပုံငွေရှိခြင်း၊ ကမ္ဘာလုံးဆိုင်ရာ အသိပညာများစုဝေးထားပြီး ပညာရပ်ကျွမ်းကျင်မှုများ အလျှံပယ်ရှိနေခြင်းနှင့် အခြေခံမူစံနှုန်းနှင့် တာဝန်ခံမှုတို့အရ စီမံအုပ်ချုပ်မှုရှိခြင်းတို့ ဖြစ်သည်။

သို့သော် အဆိုပါစနစ်သည် အထောက်အပံ့ပေးသူက ခေါင်းတွဲအဖြစ်ဦးစီးမောင်းနှင်သည့်ပုံစံ ဖြစ်ပြီး စနစ်ကို ထိန်းချုပ်ထားသူများမှ ဗျူဟာဆိုင်ရာဆုံးဖြတ်ချက်များအားလုံးကို ချမှတ်ကာ ၎င်းတို့ကိုယ်တိုင် ဖန်တီးထားသည့်အညွှန်းကိန်းနှင့် သတ်မှတ်ချက်များကို အသုံးပြု၍ အရင်းအမြစ်များကို မည်သို့စီမံခန့်ခွဲ သင့်သည်ကို ချမှတ်နေကြသည်။ Djikzeul က အောက်ပါအတိုင်း မှတ်ချက်ပေးသည် –

> "ပင်မအလှူရှင်အစိုးရများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နိုင်ငံတကာ NGO ကြီးများ၏ နယ်ပယ်ကျဉ်းကျဉ်းလေးအတွင်း ပြိုင်ဆိုင်နေမှုက လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အခြေခံမူများနှင့် စံနှုန်းများကို သတ်မှတ်ဆုံးဖြတ်ပေးသည်။ အကျိုးဆက်အနေဖြင့် လူသားချင်းစာနာထောက်ထားမှုစနစ်သည် ဒေသခံလုပ်ဆောင်သူများထက် အလှူရှင်များကို ပိုအလေးထား လာသည် (Djikzeul, 2021, p3)။"

အထက်ဖော်ပြပါ အခြေအနေအရ ဒေသခံလုပ်ဆောင်သူများလမ်းကြောင်းမှတစ်ဆင့် လူသားချင်း စာနာထောက်ထားမှုအကူအညီများ တိုက်ရိုက်ပေးရန် အကြိမ်ကြိမ် တောင်းဆိုမှုများ ရှိနေသော်လည်း နိုင်ငံတကာအဖွဲ့အစည်းများကသာ အခြေခံမူနှင့် မဟာဗျူဟာများချမှတ်၍ လုပ်ငန်းလည်ပတ်မှုနှင့် နည်းဗျူဟာအဆင့်အထိအောင်မြင်မှုအညွှန်းကိန်းများနှင့် ပြီးစီးမှုအဆုံးမှတ်အဓိပ္ပာယ်သတ်မှတ်ပြီး ၎င်းတို့ဝန်ထမ်းများ၊ ၎င်းတို့အတိုင်ပင်ခံပညာရှင်များနှင့် ၎င်းတို့လူများကို ဖြန့်ကျက်ထားကာ ဤလူသားချင်းစာနာထောက်ထားရေးလုပ်ငန်းခွင်နယ်ပယ်ကို ဆက်လက် ကြီးစိုးထားသည်။

နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုစနစ်မှာလည်း ဒေါင်လိုက်ဖွဲ့စည်းမှု၊ အထက်အောက်စီး ဆင်းမှုနှင့် အထောက်အပံ့ပေးသူက ခေါင်းတွဲအဖြစ်ဦးစီးမောင်းနှင်သည့် ပုံစံဖြစ်၍ ပိရမစ်၏ အမြင့်ဆုံးအဆင့်မှ သူများက အရင်းအမြစ်အများဆုံးရရှိပြီး အနိမ့်ဆုံးအဆင့်မှ သူများက အကူအညီပေးရေး ကွင်းဆက်မှတစ်ဆင့် အဆိုပါ အရင်းအမြစ်များ ကိုယ့်ဆီမကျလာမချင်း စောင့်ဆိုင်းနေရသည်။

ယင်းဖြစ်စဉ်ကို မြန်မာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းအပေါ် နိုင်ငံတကာစနစ်မှ တုံ့ပြန်ဆောင်ရွက်မှုတွင် တွေ့မြင်နိုင်သည်။

ထို့ကြောင့် မိမိအနေဖြင့် မြန်မာနိုင်ငံ၏အကျပ်အတည်းတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ခုခံတွန်းလှန်မှုကို ထောက်ခံအားပေးရန် စည်းရုံးလှုံ့ဆော်မှုကို ချဲ့ထွင်သည့်အနေဖြင့်သာမက မျက်ကွယ်ပြုနေသူများကို ထပ်မံနှိုးဆော်သည့်အနေဖြင့်ပါ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဗိသုကာပုံစံကို ပြန်လည် စိတ်ကူးပုံဖော်ခြင်းနှင့် လက်ရှိ လူသားချင်းစာနာထောက်ထားမှု 'အတ္တစနစ်' ကို အားလုံးပါဝင်မှု၊ စုံလင်ကွဲပြားမှုနှင့် ပူးပေါင်းလုပ်ဆောင်မှု ပိုရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဂေဟစနစ်အသစ်အဖြစ် မည်သို့ပြောင်းလဲမည်ဆိုသည့်အရေးကိစ္စတို့ကို စတင်ဆောင်ရွက်ခဲ့သည်။

## ရိုးရှင်းသောအထောက်အပံ့

မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းမှု မတိုင်မီကတည်းက လူသားချင်းစာနာ ထောက်ထားမှု အခြေအနေမှာ ရှုပ်ထွေးနေပြီး ဖြစ်သည်။ ယခင်ကတည်းက ထိရှလွယ်ပြီး ရှုပ်ထွေးသည့် အခြေအနေကို အလွန်ဗျူရိုကရေစီဆန်ပြီး တရားဝင်ပုံစံဆောင်သည့် လူသားချင်းစာနာထောက်ထားမှုစနစ်ကို ထည့်သွင်းလိုက်ခြင်းကြောင့် နဂိုရှုပ်ထွေးပြီးသားအခြေအနေကို နောက်ထပ်ရှုပ်ထွေးမှုများ ထပ်တိုးလာ ခဲ့သည်။

'ဆင်များတိုက်ခိုက်ကြသောအခါ၊ မြက်ပင်များ ခံစားနေရသည်' ဟူသော နာမည်ကျော်အာဖရိက စကားပုံက မနိုင်မနင်းဖြစ်နေသည့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုစနစ်၏ ရှုပ်ထွေးမှုနှင့် အကျပ်အတည်းတစ်ခုမှ နောက်တစ်ခုဆီသို့ အဆက်မပြတ် ဒယိမ်းဒယိုင် ကူးလူးရွေ့လျားနေပုံနှင့် အရာရာကို အပေါ်စီးမှ တက်နင်းထားသည့် ၎င်း၏ ကိုရို့ကားယားပုံစံတို့ကို ပြည့်ပြည့်ဝဝ ထင်ဟပ်ဖော်ညွှန်းနေသည်။ ရှုပ်ထွေးမှုများသည် စစ်ပွဲကာလအတွင်း ထိရောက်သော လူသားချင်းစာနာထောက်ထားမှုအကူအညီ၏ ရန်ဘက်ဖြစ်သောကြောင့် ပြင်ပမှ လူသားချင်းစာနာထောက်ထားသူများအနေဖြင့် ရိုးရှင်းမှုကို ရှာဖွေ ဖော်ဆောင်ရန် လိုအပ်သည်(Slim, 2022a, p.243–246)။

ပြင်ပ လူသားချင်းစာနာထောက်ထားသူများသည် ခြေတစ်လှမ်းဆုတ်ကာ လုပ်ငန်းများကို ပိုမိုကောင်း မွန်လာစွာ လုပ်ဆောင်နိုင်သူများကို ထောက်ပံ့ခြင်းဖြင့် ယခုကဲ့သို့ ရိုးရှင်းသောထောက်ပံ့မှုကို စီမံပေးနိုင်သည်။ ပြည်

သူများ၏ ယုံကြည်စိတ်ချမှု ရထားသည့် ခုခံတွန်းလှန်သော လူသားချင်းစာနာထောက်ထားမှု လုပ်ဆောင်နေသူများနှင့် ပါဝင်ဆောင်ရွက်နေသူများ၏ ရုပ်ဝတ္ထုပိုင်း တိုက်ရိုက်အကူအညီများသည် အပြင်းထန်ဆုံး၊ အထိခိုက်ဆုံးဒေသများရှိ လူ့အသက်များကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ကယ်တင်ရေးတွင် အလွန်အရေးကြီးသည်။ အလှူရှင်များအနေဖြင့် အဆိုပါ ဒေသခံလုပ်ဆောင်သူများမှတစ်ဆင့် အထောက်အပံ့များ စီမံပေးသင့်ပြီး ကြားခံအဆင့်များပြားကာ အလွန်အမင်း ဗျူရိုကရေစီဆန်သည့်စနစ်များကို ရှောင်ရှားသင့်သည်။ ရှုပ်ထွေးသည့် အခြေအနေတွင် ငွေကြေးလွှဲပေးခြင်းကဲ့သို့သော ရိုးရှင်းသည့် အကူအညီများမှာ လူ့အသက်များကို ကယ်ဆယ်ရန် အထိရောက်ဆုံးနည်းလမ်းဖြစ်သည်။

မြန်မာပြည်သူများ၏ လှုပ်ရှားမှုသည် အလျားလိုက် သဘာဝရှိနေသည်ကို နိုင်ငံတကာ လုပ်ဆောင်သူများ ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ထို့ကြောင့် ပါဝင်လုပ်ဆောင်သူများကြား ဆက်ဆံရေးသည် အလျားလိုက် ဖြစ်သင့်သည်။ အကူအညီလက်ခံသူများကို အကူအညီကွင်းဆက်တန်း၏ အဆုံးနေရာ၌ ထားရှိခြင်း မပြုသင့်ဘဲ ၎င်းတို့သည် ဤဆက်ဆံရေးအတွင်း အပြုခံများဟု မသတ်မှတ်သင့်ပါ။ ထောက်ပံ့ကူညီရေး လုပ်ငန်းသည် ထိခိုက်ခံစားရသူများလည်း တက်ကြွစွာပါဝင်လုပ်ဆောင်နိုင်သည့် လုပ်ငန်းစဉ်ဖြစ်သင့်သည်။

ဤနည်းအားဖြင့် အကျိုးခံစားခွင့်ရသူများသည် အကျိုးခံစားရုံသာမက တက်ကြွစွာ ပါဝင်ကူညီပြီး အခြားသူများကို ကူညီပေးနိုင်မည် ဖြစ်သည်။ အခြားသော အကျပ်အတည်းများတွင် ဖော်ပြခဲ့သကဲ့သို့ အကျိုးခံစားရသူများသည် လူသားချင်းစာနာထောက်ထားမှု လုပ်ဆောင်သူအဖြစ်လည်း အခန်းကဏ္ဍနှစ်ခုမှ ပါဝင်နိုင်သည်။ ထို့ကြောင့် ပိုမိုသာတူညီမျှရှိသည့် လူသားချင်းစာနာထောက်ထားမှု စနစ်တစ်ရပ်ကို ဖန်တီးပေးပြီး ပြည်သူများကို ပိုမိုအရည်အသွေးပြည့်မီသောဘဝ ရရှိစေနိုင်မည် ဖြစ်သည် (Maya, 2022)။

အလျားလိုက်ချဉ်းကပ်မှုသည် ဝန်ဆောင်မှုပေးသူများနှင့် လက်ခံသူများကြားရှိ အတားအဆီးများကို ဖယ်ရှားပေးသည်။ နယ်စပ်မှ ဖြတ်ကျော်လာသော လူငယ်နှင့် အမျိုးသမီးခေါင်းဆောင်များစွာသည် မရှိမဖြစ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများ ဖြစ်လာကြသည်။ ၎င်းတို့သည် အကျပ်အတည်း ဒဏ်ခံ ပြည်သူများထံရောက်ရှိရန် ဆန်းသစ်သောနည်းလမ်းများကို အသုံးပြု၍ ၎င်းတို့၏ ကွန်ရက်များနှင့် လုပ်ဖော်ကိုင်ဖက်များ နိုင်ငံအတွင်း အရင်းအမြစ်များ သယ်ယူပို့ဆောင်နိုင်ရန် ရန်ပုံငွေရှာပြီး၊ ရွှေ့ပြောင်းပြင် ဆင်ပေးကြသည်။ သို့သော် ၎င်းတို့ကိုယ်တိုင်သည်လည်း ဒုက္ခသည်များ ဖြစ်နေကြသည်။ အကြမ်းမဖက် အာဏာဖီဆန်ရေး လူထုလှုပ်ရှားမှုလုပ်ဆောင်နေသည့် ဆရာဝန်များနှင့် သူနာပြုများက တိုင်းပြည်အတွင်း ပုန်းအောင်းနေရချိန် လေကြောင်းတိုက်ခိုက်မှုများကြောင့် နေအိမ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူများကို ဆေးဘက်ဆိုင်ရာ အကူအညီများပေးကြသည်။ စစ်အုပ်စု၏ ရက်စက်ယုတ်မာမှုများမှ ရုန်းထွက်ပြီး ပုန်းအောင်းနေရသူများသည် အရင်းအမြစ် မဆိုသလောက်သာရှိပြီး အချိန်ပြည့် ဖိအားများရှိနေသည့် ကြားမှာပင် ၎င်းတို့၏ ကျွမ်းကျင်မှုနှင့် ဖန်တီးနိုင်စွမ်းကို အသုံးပြုပြီး အခြားသူများကို ကူညီနေသေးသည်ကို ယင်းဖြစ်ရပ်က ဖော်ပြနေသည်။

ဒေသခံလှုပ်ရှားဆောင်ရွက်သူများအနေဖြင့် နိုင်ငံတကာ အကူအညီပေးရေးစနစ်တွင် အပြောင်းအလဲ တစ်ခုဖြစ်စေရန်မှာ များသောအားဖြင့် ၎င်းတို့ လက်လှမ်းမမီသည့်အချက် ဖြစ်ဖွယ်ရှိသည်။ ထို့ကြောင့် စနစ်ကို ပြုပြင်မည့်အစား ဒေသခံဆောင်ရွက်သူများအနေဖြင့် ကွန်ရက်များ၏ ကွန်ရက်များမှတစ်ဆင့် အလားတူနယ်ပယ်တစ်ခုကို ဖန်တီးပြီး ၎င်းတို့၏ အသီးသီးသောစနစ်နှင့် စွမ်းဆောင်မှုများ ခိုင်မာအားကောင်း စေရန်အတွက် ပိုမိုနီးကပ်စွာပူးပေါင်းလုပ်ဆောင်သင့်သည်။ အကယ်၍ ကိုဗစ်-၁၉ ကာလမှ တုံ့ပြန်မှုအပေါ် သင်ခန်းစာတစ်ခု ထုတ်ယူရမည်ဆိုလျှင် မိမိကိုယ်တွင်းကြံ့ခံနိုင်စွမ်းနှင့် အတွင်းပိုင်းစွမ်းဆောင်ရည်တို့ကို တည်ဆောက်နိုင်ခြင်းတို့၏ အရေးကြီးမှုပင် ဖြစ်သည်။

ဒေသခံ လှုပ်ရှားဆောင်ရွက်သူများအနေဖြင့် အတွေးအခေါ် အားဖြင့် လွတ်မြောက်သူ ဖြစ်လာစေရန် လုပ်ဆောင်ကာ ပိုမိုကြံ့ကြံ့ခံနိုင်စွမ်းရှိသူ ဖြစ်လာရေးသည် အခရာကျသည် (Kamal, 2020)။ ခြုံငုံသုံးသပ် ရလျှင် ၎င်းတို့သည် နောက်ခံအခြေအနေကို ပိုမိုနားလည်သဘောပေါက်ပြီး၊ ပို၍ မြန်မြန်ဆန်ဆန် လိုက်လျော ညီထွေရှိမှုနှင့် ပြောင်းလဲနိုင်စွမ်းရှိကာ ၎င်းတို့ ဝန်ဆောင်မှု ပေးနေသူများ၏ လက်ခံမှုနှင့် ယုံကြည်မှုများ ကိုလည်း ရရှိထားသည်။

## ကန့်လန့်ကာနောက်ကွယ်မှ ထောက်ပံ့မှု

ရှုပ်ထွေးပြီး ထိခိုက်ပျက်စီးလွယ်သော အခင်းအကျင်းတွင် ဒေသခံလှုပ်ရှားဆောင်ရွက်နေသူများအား အပြောင်းအလဲဖော်ဆောင်ပေးနိုင်သည့် တစ်ခုတည်းသောအရာဖြစ်သည်ဟု မျှော်လင့်ခြင်းသည် လက်တွေ့မကျပေ။ သို့သော် ၎င်းတို့သည် ပြင်ပမှ အထူးကျွမ်းကျင် စေ့စပ်ဆော်သြ ထောက်ပံ့ကူညီပေးသူများ သို့မဟုတ် ကျောထောက်နောက်ခံ ကူညီပံ့ပိုးပေးသူများအဖြစ် လုပ်ဆောင်နိုင်သည့် ပြင်ပ လူသားချင်းစာနာ ထောက်ထားသူများ၏ အကြံဉာဏ်များ၊ ထောက်ပံ့မှုများနှင့်အတူ ဦးဆောင်မှုအခန်းကဏ္ဍတွင် ရှိရမည် ဖြစ်သည် (Seiff, 2022)။

အဆိုပါ ပြင်ပမှ လုပ်ဆောင်သူများသည် ဒေသခံများကို ၎င်းတို့၏ ကွန်ရက်များ ပိုမိုအဆင်ပြေချောမွေ့စေရန်နှင့် ပိုမိုခိုင်မာအားကောင်းလာစေရန် စေ့စပ်ဆော်သြ ပံ့ပိုးပေးနိုင်သည့်အပြင် အခြားနိုင်ငံများရှိ အလားအလာရှိသော ထောက်ခံသူများ၊ အလှူရှင်များနှင့် ချိတ်ဆက်နိုင်ရန်လည်း ကူညီပေးနိုင်သည်။ ၎င်းတို့သည် ဥပဒေ၊ စေ့စပ်ညှိနှိုင်းမှုစွမ်းရည်၊ အစီရင်ခံစာရေးသားခြင်း၊ မြေပုံဆွဲခြင်းနှင့် အချက်အလက်စီမံခန့်ခွဲမှုကဲ့သို့သော သီးသန့်နယ်ပယ်များတွင် ဒေသခံတုံ့ပြန်ဆောင်ရွက်နေသူများအား ကျွမ်းကျင်မှုများ ပံ့ပိုးပေးနိုင်သော ကျွမ်းကျင် INGO များ ဖြစ်နိုင်သည်။

၎င်းတို့သည် တိုင်းပြည်၏ အကျပ်အတည်းနှင့် လူထု၏ တရားမျှတမှုရှာဖွေရေး ကြိုးပမ်း လုပ်ဆောင်မှုအတွက် ထိလွယ်ရှလွယ်ဖြစ်မှုတို့အပေါ် နက်နက်ရှိုင်းရှိုင်း ထိုးထွင်းသိမြင်မှုရှိသော နိုင်ငံတကာမူဝါဒ မဟာဗျူဟာပညာရှင်များလည်း ဖြစ်နိုင်သည်။ ၎င်းတို့က ရှုပ်ထွေးသော နိုင်ငံတကာနှင့် ဒေသဆိုင်ရာစနစ်များကို လွယ်ကူရိုးရှင်းစေရန်လုပ်ဆောင်ခြင်း၊ မူဝါဒ မဟာဗျူဟာနှင့် ပုံသေနည်း ထွက်ထုတ်ရာတွင် ကူညီပေးခြင်း၊ နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ခုခံတွန်းလှန်မှုကို အလှူရှင်များ ပိုမိုစိတ်ဝင်စားလာစေရန် လုပ်ဆောင်ခြင်းတို့တွင် ကူညီနိုင်သည်။

ကျောထောက်နောက်ခံ ကူညီပံ့ပိုးပေးသူများသည် ဒေသတွင်းလုပ်ဆောင်သူများ၏ စနစ်များနှင့် စံနှုန်းများကို ဒေသတွင်း သဘောတရားဖြင့် ဖန်တီးထားသော်လည်း နိုင်ငံတကာစံနှုန်းများနှင့် ယှဉ်နိုင်သည့်အထိ အားကောင်းခိုင်မာရေး လုပ်ဆောင်ပေးသည့် လူသားချင်းစာနာထောက်ထားမှု လုပ်ဆောင်သူများလည်း ဖြစ်နိုင်သည်။ ထိုကူညီပံ့ပိုးသူများသည် ဒေသခံစာနယ်ဇင်းသမားများကို ကြီးကြပ်ပေးခြင်းနှင့် ၎င်းတို့နှင့်အတူ ဆောင်းပါးများ တွဲဖက်ရေးသားခြင်းအားဖြင့် ဒေသခံများ၏အသံကို အများရှေ့ရောက်စေရန် ကူညီပေးသော ဝါရင့်စာနယ်ဇင်းသမားများလည်း ဖြစ်နိုင်သည်။

ဤပြင်ပ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများအတွက် အဓိကကျသောအချက် မှာ ဒေသခံလှုပ်ရှားဆောင်ရွက်သူများ၏ ယုံကြည်မှုကို ရရှိရန် ဖြစ်ပြီး အရေးကြီးသည့်အချက်မှာ ၎င်းတို့သည် နောက်တန်းမှနေ၍ စောင့်ကြည့်မှုအောက်တွင် ကူညီပံ့ပိုးမှု ပေးရန် စိတ်ဆန္ဒရှိရမည် ဖြစ်သည်။

## လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ခုခံတွန်းလှန်မှုမှတစ်ဆင့် ကြံ့ကြံ့ခံနိုင်စွမ်းတည်ဆောက်ခြင်း

အန္တိမနောက်ဆုံးအနေဖြင့် လက်ရှိ နိုင်ငံတကာမှ ဦးဆောင်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ချဉ်းကပ်မှုနှင့် မြန်မာနိုင်ငံတွင် ဒေသခံများ ဦးဆောင်သည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ခုခံတွန်းလှန်သော ချဉ်းကပ်မှုတို့အပေါ် အလှအပအတွက် ခွဲစိတ်ပြုပြင်ခြင်းနှင့် သဘာဝကြွက်သားတည်ဆောက်ခြင်း တို့၏ ကွာခြားမှုကို ဥပမာအဖြစ် ခိုင်းနှိုင်းယှဉ်ပြလိုသည်။

တစ်ခုမှာ ပြင်ပစံနှုန်းများကို ဆွဲဆောင်နိုင်ရေးအတွက် ဒီဇိုင်းထုတ်ထားသည့် ဈေးကြီးသော ခွဲစိတ်မှု လုပ်ထုံးလုပ်နည်းဖြစ်သည်။ ၎င်းခွဲစိတ်မှုလုပ်ထုံးလုပ်နည်းသည် ဈေးကြီးပြီး ခက်ခဲသည့်အပြင် ကျွမ်းကျင် သူများအပေါ်တွင် မူတည်သည်။ ငွေကုန်သွားသည်နှင့် မည်သို့မျှမတတ်နိုင်ဘဲ အရာရာပြိုလဲသွားမည် ဖြစ်သည်။

နောက်တစ်ခုမှာ ကြွက်သားတည်ဆောက်မှုနှင့် သဏ္ဌာန်တူသည်။ ပိုအားထုတ်၊ ပိုစိတ်ရှည်၊ ပိုစည်းကမ်းရှိရမည်ဖြစ်သည်။ သို့သော် ရေရှည်တွင် လူတစ်ယောက်၏ စိတ်နှင့် ကိုယ်ခန္ဓာကို ကာလရှည်ကြာ ထိန်းသိမ်း၍ ရလာသည်။ အဆိုပါတည်ဆောက်မှုကို မည်သည့်ပတ်ဝန်းကျင်တွင်မဆို လုပ်ဆောင်နိုင်သည့်အပြင် လိုက်လျောညီထွေရှိပြီး မယုံနိုင်လောက်အောင် ဈေးသက်သာကာ ပြုလွယ်ပြင်လွယ်လည်း ရှိသည်။ ယင်းလုပ်ရပ်သည် ပင်ပင်ပန်းပန်း ကြိုးစားရပြီး နာကျင်မှုရှိနိုင်သော်လည်း သန်စွမ်းမှုကို ထိန်းသိမ်းရန် ကျန်းမာသောနည်းလမ်းများကို အလေးထား ဦးစားပေးသမျှ ကာလပတ်လုံး ကာလရှည်ကြာ ဆက်လက် ထိန်းသိမ်းထားရန် လွယ်ကူမည်ဖြစ်သည်။

ပြင်ပမှ ယူဆောင်လာသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများသည် ကုန်တင်ကားကြီးများနှင့် အဖွဲ့အစည်းအမှတ်အသား၊ စပွန်ဆာအမှတ်တံဆိပ်များဖြင့် ခြယ်သထားသည့် တောက်တောက်ပြောင်ပြောင်အလံများဖြင့် ဓါတ်ပုံရိုက်ချင်စဖွယ် အလွန်ပဏာသင့်နေသော်လည်း နာတာရှည်ပြဿနာအတွက် အလုပြင်သည့်ခွဲစိတ်မှုဆန်သော အထောက်အပံ့သာဖြစ်သည်။ ဆန့်ကျင်ဘက်အနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ခုခံတွန်းလှန်မှုသည် ရေရှည် ကြံ့ကြံ့ခံနိုင်စွမ်းကို ဖန်တီးရန် ရည်ရွယ်သည်။ ၎င်းချဉ်းကပ်မှုသည် ပိုမိုများပြားသော ရန်ပုံငွေနှင့် ရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ဆောင်မည်ဆိုလျှင် ပိုမိုလျင်မြန်သော တိုးတက်မှုနှင့် ပိုမိုခိုင်မာအားကောင်းမှုကို မြင်တွေ့ရနိုင်မည် ဖြစ်သည်။ ဒေသခံများ ဦးဆောင်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ခုခံတွန်းလှန်မှုသည် ရှိရင်းစွဲ လူမှုအသိုင်းအဝန်းအပေါ် အခြေခံ၍ တည်ဆောက်ခြင်းဖြစ်ပြီး ရှိရင်းစွဲ တိုင်းရင်းသားစီမံအုပ်ချုပ်ရေးစနစ်များကို အားကောင်းစေသည့်အပြင် လူမှုသဟဇာတ ဖြစ်မှုကိုလည်း အားပေးသည်။ ၎င်းတို့သည် လူ့အသိုင်းအဝိုင်း ကြံ့ကြံ့ခံနိုင်စွမ်း၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီကို အောက်ခြေမှ တည်ဆောက်မည့် ကြွက်သားများပင် ဖြစ်သည်။

မြန်မာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကျပ်အတည်းကို ဖြေရှင်းရာတွင် အလျားလိုက် ဖြစ်ပြီး လူထု၏ခုခံတော်လှန်မှုအပေါ် အခြေခံတည်ဆောက်သည့် ဒေသခံများဦးဆောင်သည့် ချဉ်းကပ်မှုသည် အသင့်တော်ဆုံး၊ လက်တွေ့အကျဆုံးနှင့် အထိရောက်ဆုံး ချဉ်းကပ်မှု ဖြစ်သည်။

အောင်မြင်သည့် ခုခံတွန်းလှန်သော လူသားချင်းစာနာထောက်ထားရေးဝါဒ (Resistance Humanitarianism) နှင့် ၎င်း၏မိတ်ဖက်ဖြစ်သော ပြင်ပလူသားချင်းစာနာထောက်ထားမှုကူညီရေးဝါဒ (External Humanitarianism) တို့တွင် အဓိကအင်္ဂါရပ်နှစ်ခုကို တွေ့နိုင်သည်။ ပထမအင်္ဂါရပ်မှာ ကပ်ဘေးသို့မဟုတ် အကျပ်အတည်းဒဏ်ခံရသော ပြည်သူများအနေဖြင့် အကျိုးခံစားရရုံသာမက တက်ကြွစွာ ပါဝင်အကျိုးပြုနိုင်ခွင့်ရှိသည့် ၎င်းတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တက်ကြွစွာ ပါဝင်လုပ်ဆောင်နိုင်ခွင့် ဖြစ်သည်။ ဒုတိယအင်္ဂါရပ်မှာ ရိုကျိုးနှိမ့်ချမှု၊ ဒေသခံများ၏ ဗဟုသုတများအပေါ် လေးစားမှု၊ သွေးစည်းညီညွတ်မှု၊ လက်တွဲဆောင်ရွက်မှုနှင့် ကူညီဆောင်ရွက်ပေးသူများနှင့် ပြင်ပထောက်ခံသူများအကြား သာတူညီမျှမှု ရှိခြင်းတို့ ဖြစ်သည်။

ဤသည်မှာ၂၁ ရာစုအတွက် လူသားချင်းစာနာထောက်ထားမှုဝါဒ ဖြစ်သည်။

## References


ACLED Conflict Index (2023). *Mid-Year Update: Data As of July 2023.* https://acleddata.com/acled-conflict-index-mid-year-update/

ASEAN Secretariat (2021, April 24). *Chairman's Statement on the ASEAN Leaders' Meeting*. https://asean.org/wp-content/uploads/Chairmans-Statement-on-ALM-Five-Point-Consensus-24-April-2021-FINAL-a-1.pdf

ASEAN Secretariat (2022, November 11). *ASEAN Leaders' Review and Decision on the Implementation of the Five-Point Consensus.* https://asean.org/wp-content/uploads/2022/11/06-ASEAN-Leaders-Review-and-Decision-on-the-Implementation-of-the-Five-Point-Consensus_fin.pdf

ASEAN Secretariat (2023, September 5). *ASEAN Leaders' Review and Decision on the Implementation of the Five-Point Consensus.* https://asean.org/asean-leaders-review-and-decision-on-the-implementation-of-the-five-point-consensus-2/

Assistance Association for Political Prisoners (2023, September 29). *Political Prisoners Post-Coup*. https://aappb.org/

Beals, E. (2023, June). *Convoys Cross-Border Covert-Ops: Responding to State-led arbitrary aid denial in civil wars. Lessons from Syria, Myanmar, and Ethiopia*. TaTo. https://static1.squarespace.com/static/589290b83e00be6ae8846f93/t/6495aa298ab0664717155983/1687530025553/TaToFullReportJune2023ResponsetoAidDenialinCivilWar.pdf

Bloomberg. (2023, September 29). *Myanmar Resistance Leader Claims Majority Control Over Territory*. Time. https://time.com/6318662/myanmar-resistance-territory-control/

DA Global (2021). *Literature Review: Is aid really changing? What the Covid-19 response tells us about localisation, decolonisation and the humanitarian system*. British Red Cross. https://www.redcross.org.uk/about-us/what-we-do/international/humanitarian-policy

Darusman, M., Lee, Y., & Sidoti, C. (2023, March 14). *The clock is ticking for ASEAN on Myanmar*. The Jakarta Post. https://www.thejakartapost.com/opinion/2023/03/14/the-clock-is-ticking-for-asean-on-myanmar.html

Djikzeul, D. (2021, October 6). Making Localization Work: The Everyday Practice of Three NGOs in South Sudan and Northern Uganda. *Front. Polit. Sci.* 3:71628. https://doi.org/10.3389/fpos.2021.716287

Fishbein, E. (2021, August 25). Choosing sides: Five local takes on aid neutrality in Myanmar. *The New Humanitarian.* https://www.thenewhumanitarian.org/feature/2021/8/25/Myanmar-coup-humanitarian-neutrality-local-aid

Gareth, E. (2021, April 26). *Applying R2P to Myanmar*. Global Centre for the Responsibility to Protect. https://www.globalr2p.org/publications/applying-r2p-to-myanmar/

Ha, Hoang Thi (2021, March 30). Hang Together or Hang Separately?. *ASEAN Focus Spotlight: Rethinking ASEAN*. ISEAS Yusof Ishak Institute. https://www.iseas.edu.sg/wp-content/uploads/2022/09/ASEANFocus-Mar-2021.pdf

Hlaing, Syaw Hsan (2023, September 15). Responses to Humanitarian Needs in Western Myanmar after Cyclone Mocha. *Perspective (72)*. ISEAS Yusof Ishak Institute. https://www.iseas.edu.sg/wp-content/uploads/2023/08/ISEAS_Perspective_2023_72.pdf

Harvey, P, et al, (2023, April). *Humanitarian Access SCORE Report: Myanmar, Survey on the Coverage, Operational Reach and Effectiveness of Aid*. Humanitarian Outcomes. https://www.humanitarianoutcomes.org/sites/default/files/publications/score_myanmar_april_2023.pdf

International Commission of Jurists (2021, February 8). *Myanmar: Military Coup d'état violates principles of rule of law, international law and Myanmar's Constitution*. https://www.icj.org/myanmar-military-coup-detat-violates-principles-of-rule-of-law-international-law-and-myanmars-constitution/

Inter-Parliamentary Union Committee on the Human Rights of Parliamentarians (2021, May 25). *Decisions adopted by the IPU Governing Council as its 207th session*. p. 9. https://www.ipu.org/document/human-rights-decision

Irrawady (2021, February 15). *'You Messed With the Wrong Generation,' Myanmar's Youth Tell Coup Makers*. https://www.irrawaddy.com/news/burma/messed-wrong-generation-myanmars-youth-tell-coup-makers.html

Jordt I., Than T. & Lin, S.Y (2021). How Generation Z Galvanized A Revolutionary Movement Against Myanmar's 2021 Military Coup. *Trends in Southeast Asia (7)*. ISEAS Yusof Ishak Institute. https://www.iseas.edu.sg/wp-content/uploads/2021/04/TRS7_21.pdf

Kamal, A. (2020, November). Creating a Level Playing Field – Lessons from Covid-19 on Improving Localisation. *Because Resilience Is Local*. Siap Siaga. https://siapsiaga.or.id/en/knowledge-product/because-resilience-is-local/

Kamal, A. (2021, October 23). An ASEAN-led inconvenient approach to Myanmar crisis. *The Jakarta Post*. https://www.thejakartapost.com/paper/2021/10/22/an-asean-led-inconvenient-approach-to-myanmar-crisis.html

Kamal, A. & Benowitz, D. (2022, October 19). Supporting the people of Myanmar: it's about political will. *Overseas Development Institute Humanitarian Practice Network*. https://odihpn.org/publication/supporting-the-people-of-myanmar-its-about-political-will/

Kamal, A., Hser Hser, N. & Ohmar, K. (2023, February 1). Myanmar's neglected crisis demands a different response. *The New Humanitarian*. https://www.thenewhumanitarian.org/opinion/2023/02/01/Myanmar-coup-Ukraine-cross-border-aid

Kamal, A., & Ohmar, K. (2023, April 11). Time to reframe ASEAN five-point consensus in line with ASEAN Charter. *The Jakarta Post*. https://www.thejakartapost.com/opinion/2023/04/10/time-to-reframe-asean-five-point-consensus-in-line-with-asean-charter.html

Kantar, S. (2022, October 31). Displacement crisis in southeastern Myanmar requires local humanitarian response, Karen groups say. *Myanmar Now*. https://myanmar-now.org/en/news/displacement-crisis-in-southeastern-myanmar-requires-local-humanitarian-response-karen-groups-say/

Khan, T (2023, September). *Envisioning an alternative ecosystem for global development and humanitarianism*. Centre for Humanitarian Leadership. https://centreforhumanitarianleadership.org/wp-content/uploads/2023/08/Alternative-ecosystem-paper_FINAL.pdf

Koh, T. (2022, August 4). Should ASEAN be an organisation based on the rule of law?. *The Straits Times*. https://www.straitstimes.com/opinion/should-asean-be-an-organisation-based-on-the-rule-of-law

Karen Peace Support Network. (2022, October). *Border Based Karen Community Groups Lead Aid Response to Post-Coup Humanitarian Crisis in Kawthoolei*. https://www.karenpeace.org/wp-content/uploads/2022/10/KPSN-aid-fact-sheet_English.pdf

Karen Peace Support Network. (2023, February 27). *Kawthoolei IDP Update*. https://www.karenpeace.org/wp-content/uploads/2023/02/Briefing_Kawthoolei-IPD-update_Eng.pdf

Mardini, R. (2022, June 16). Back to basics: humanitarian principles in contemporary armed conflict. *ICRC Blog on Humanitarian Law & Policy*. https://blogs.icrc.org/law-and-policy/2022/06/16/back-to-basics-humanitarian-principles/

Maya, A. (2022). The 'New Humanitarians': Vernacular aid in Greece. *The Humanitarian Leader.* p.68. Centre for Humanitarian Leadership. https://centreforhumanitarianleadership.org/wp-content/uploads/2022/12/The-Humanitarian-Leader2022.pdf

Metcalfe-Hough, V., Fenton, W. & Manji, F. (2023, June). *The Grand Bargain in 2022: An independent review.* HPG commissioned report. https://cdn.odi.org/media/documents/HPG_report-Grand_Bargain_2023_exec_summary_eZdqeQx.pdf

Muhibah, Shafiat F. (2021, March 30). Embracing Change to Stay Resilient. *ASEAN Focus Spotlight: Rethinking ASEAN*. ISEAS Yusof Ishak Institute. https://www.iseas.edu.sg/wp-content/uploads/2022/09/ASEANFocus-Mar-2021.pdf

Nissen, L.P. (Host). (2021, April 23). Trumanitarian (Audio Podcast). *Adelina Kamal in Collaborative Contrarian*. https://open.spotify.com/episode/3jHNCEqhdG4KOVZzUl7J4o?si=2wsz4HMFSv-8dgYe8g-h7w&dl_branch=1 Minutes 28:38 – 48:48

OCHA (2016). *The Grand Bargain – A Shared Commitment to Better Serve People in Need*. https://interagencystandingcommittee.org/system/files/grand_bargain_final_22_may_final-2_0.pdf

OCHA (2022, December 1). *Global Humanitarian Overview 2023*. https://reliefweb.int/report/world/global-humanitarian-overview-2023-enaresfr

OCHA (2023a, January 25). *Myanmar Humanitarian Response Plan*. https://reliefweb.int/report/myanmar/myanmar-humanitarian-response-plan-2023-january-2023

OCHA (2023b, August 31). *Myanmar: Humanitarian Response Plan 2023 – Mid-Year dashboard (Jan-June 2023)*. https://reliefweb.int/report/myanmar/myanmar-humanitarian-response-plan-2023-mid-year-dashboard-jan-june-2023

OCHA (2023c, September 8). *Myanmar Humanitarian Update No. 32*. https://reliefweb.int/report/myanmar/myanmar-humanitarian-update-no-32-8-september-2023#:~:text=Eight%20months%20into%202023%2C%20the,of%20the%20required%20funding%20received

OHCHR (2023a, January 31). *Illegal and Illegitimate: Examining the Myanmar military's claim as the Government of Myanmar and the international response*. https://www.ohchr.org/sites/default/files/documents/countries/mm/2023-01-27/crp-sr-myanmar-2023-01-31.pdf

OHCHR (2023b, September 11). *Intensity of War Crimes and Crimes against Humanity Have Increased in Myanmar, Independent Mechanism tells Human Rights Council* [News Release]. https://www.ohchr.org/en/news/2023/09/intensity-war-crimes-and-crimes-against-humanity-have-increased-myanmar-independent

Ohmar, K. (2021, July 28). There's nothing neutral about engaging with Myanmar's military. *The New Humanitarian.* https://www.thenewhumanitarian.org/opinion/2021/7/28/theres-nothing-neutral-about-engaging-with-myanmars-military

Okoth-Obbo, G.W. (2023, February 27). *Seminar on Collaboration for Atrocity Prevention in Myanmar and Beyond* [YouTube]. CSIS Indonesia. https://www.youtube.com/watch?v=GeDnf8bQhpA

Overseas Development Institute Humanitarian Policy Group. (2022, December 1). *Beyond Neutrality alternative forms of humanitarian action* [Webinar]. https://odi.org/en/events/beyond-neutrality-alternative-forms-of-humanitarian-action/

Progressive Voice (2023, April 17). *Open Letter by 546 CSOs: The United Nations Security Council's Meting on Myanmar Must Lead to Firm Measures Against the Junta*. https://progressivevoicemyanmar.org/2023/04/17/open-letter-the-united-nations-security-councils-meeting-on-myanmar-must-lead-to-firm-measures-against-the-junta/

Saez P., Konyndyk, J., & Worden, R. (2021). *Rethinking Humanitarian Reform: What Will It Take to Truly Change the System?* Center for Global Development (CGD). https://www.cgdev.org/publication/rethinking-humanitarian-reform-what-will-it-take-truly-change-system

Seiff, A. (2022, October 11). Backroom aid: The groups helping behind the scenes. *The New Humanitarian*. https://www.thenewhumanitarian.org/feature/2022/10/11/H2H-NGOs-innovation-assistance

Setkab or Cabinet Secretariat of the Republic of Indonesia (2022, May 25). *President Jokowi Offers Four Concepts of Sustainable Resilience, 7th GPDRR, Bali, Indonesia*. https://setkab.go.id/en/president-jokowi-offers-four-concepts-of-sustainable-disaster-resilience/

Slim, H. (2020, August 27). You don't have to be neutral to be a good humanitarian. *The New Humanitarian*. https://www.thenewhumanitarian.org/opinion/2020/08/27/humanitarian-principles-neutrality

Slim, H. (2022a). *Solferino 21: Warfare, Civilians and Humanitarians in the Twenty First Century*. Hurtspublishers. https://www.hurstpublishers.com/book/solferino-21/

Slim, H. (2022b, September 2022). Humanitarian resistance: Its ethical and operational importance. *Overseas Development Institute Humanitarian Practice Network*. https://odihpn.org/publication/humanitarian-resistance-its-ethical-and-operational-importance/

Special Advisory Council for Myanmar (2022, September 5). *Briefing Paper: Effective Control in Myanmar*. https://specialadvisorycouncil.org/wp-content/uploads/2022/09/SAC-M-Briefing-Paper-Effective-Control-in-Myanmar-ENGLISH-2.pdf

Special Advisory Council for Myanmar (2023, October 3). *How the UN is Failing Myanmar*. https://specialadvisorycouncil.org/wp-content/uploads/2023/10/SAC-M-Full-Paper-UN-Myanmar-ENGLISH.pdf

Thuzar, M., & Sheah, S. (2022, November 17). Reviewing the Review: ASEAN's Five-Point Consensus Implementation. *Fulcrum: Analysis on Southeast Asia*. ISEAS Yusof Ishak Institute. https://fulcrum.sg/reviewing-the-review-aseans-five-point-consensus-implementation/

Thuzar, M., & Alexandra, L. (2023, May 5). Future-proofing ASEAN's Myanmar Response. *Fulcrum: Analysis on Southeast Asia*. ISEAS Yusof Ishak Institute. https://fulcrum.sg/future-proofing-aseans-myanmar-response/

Thuzar, M., & Sheah, S. (2023, September 14). Does ASEAN Matter for Myanmar?. *Fulcrum: Analysis on Southeast Asia*. ISEAS Yusof Ishak Institute. https://fulcrum.sg/does-asean-matter-for-myanmar/

Tun, A. (2022, March 18). Community-led Social Cohesion in Post-Coup Myanmar: A Promising Glimmer. *Fulcrum: Analysis on Southeast Asia*. ISEAS Yusof Ishak Insitute. https://fulcrum.sg/community-led-social-cohesion-in-post-coup-myanmar-a-promising-glimmer/

UNHCR (2023a, January 17). *Briefing Notes: UNHCR seeks comprehensive regional response to address rise in deadly South-East Asia sea journeys*. https://www.unhcr.org/news/unhcr-seeks-comprehensive-regional-response-address-rise-deadly-south-east-asia-sea-journeys

UNHCR (2023b, August 23). *Rohingya Refugee Crisis Explained*. https://www.unrefugees.org/news/rohingya-refugee-crisis-explained/

UN Myanmar (2023, January 25). *Myanmar Humanitarian Response Plan 2023*. https://myanmar.un.org/en/216732-myanmar-humanitarian-response-plan-2023-january-2023

United Nations. (2005). *Responsibility to Protect*. https://www.un.org/en/genocideprevention/about-responsibility-to-protect.shtml

Willis, H. & Cai, W. (2023). The Country That Bombs Its Own People. *The New York Times*. https://www.nytimes.com/interactive/2023/07/31/world/asia/myanmar-military.html

This publication is made possible with the generous support of the American people through the United States Agency for International Development (USAID). The contents are the responsibility of the author(s) and do not necessarily reflect the views of USAID or the United States Government.

Progressive Voice has translated the original article from English to Burmese language and takes responsibility for the content of the Burmese language version.